

# သက်သေခံအသံများ

# VOICE OF WITNESS

## NARRATIVES FROM SURVIVORS OF BURMA'S MILITARY REGIME

COMPILED AND EDITED BY
MAGGIE LEMERE AND ZOË WEST

# မိတ်ဆက်စကား

သူတို့ကို ကျွန်ုပ်တို့ ကြောက်ရွံ့နေမယ်ဆိုရင်

ကျွန်ုပ်တို့က အသုံးမကျတဲ့လူတွေပဲ။

**မက်ဂီလမ်မာနှင့်ဇိုးဝက်**

အိမ်လို့ ခေါ်စရာ နေရာမရှိ စာအုပ်က စစ်အစိုးရလက်အောက် မြန်မာနိုင်ငံ ပြည်သူတွေရဲ့ မတူကွဲပြားတဲ့ ဘဝအကြောင်းမျိုးစုံကို သူတို့ ကိုယ်ပိုင်စကားလုံးတွေနဲ့ ခြယ်မှုန်းထားတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဆယ်စုနှစ်ခြောက်စုကြာ စစ်အုပ်ချုပ်ရေးနဲ့ နိုင်ငံရေး ပဋိပက္ခတွေကြောင့် မယုံကြည်မှုတွေ၊ ညီညွတ်ရေးပြိုကွဲမှုတွေ အမြစ်တွယ်နေပြီး ရှည်ကြာလှတဲ့ နှစ်တွေအတွင်း စစ်အစိုးရရဲ့ ဖိနှိပ်အနိုင်ကျင့်မှု၊ အကြမ်းဖက်မှုတွေကြောင့် တိုင်းပြည် ကြေမွခဲ့ရတယ်။ စာအုပ်ထဲမှာပါတဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းတွေက ၂၀၀၉ နဲ့ ၂၀၁၀ ခုနှစ်ကာလအတွင်း မြန်မာနိုင်ငံအတွင်းနဲ့ ထိုင်း၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်နဲ့ အမေရိကန်နိုင်ငံရှိ မြန်မာပြည်ဖွားပြည်သူတွေကို တွေ့ဆုံမေးမြန်းထားတဲ့ အကြောင်းအရာတွေ ဖြစ်ပါတယ်။ ယခုစာအုပ်တွင် လူမျိုးစုံ၊ အဖြစ်အပျက်မျိုးစုံပါဝင်ပြီး၊ သူတို့ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေ၊ ဒုက္ခတွေက လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေပဲ ဖြစ်ပါတယ်။ ဒီပြဿနာဟာ ဒီကနေ့အထိ မြန်မာနိုင်ငံမှာ ဆက်လက်ဖြစ်ပေါ်နေဆဲပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ပြဿနာတွေ၊ စိန်ခေါ်မှုတွေနဲ့ စာအုပ်ထဲမှာပါဝင်တဲ့ အဖြစ်အပျက်တွေဟာ မြန်မာနိုင်ငံ သမိုင်းတစ်လျှောက်မှာ အမြစ်တွယ်လျက်ရှိပြီး၊ ဒီပြဿနာတွေကို မဖြေရှင်းဘဲ မျက်ကွယ်ပြုလိုက်မယ်ဆိုရင် အလွန်အန္တရာယ်ကြီးမားလှပါတယ်။ လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်း တိုးတက်မှုတချို့ရှိခဲ့ပေမယ့် နိုင်ငံထဲမှာ ဖိနှိပ်အနိုင်ကျင့်မှုမျိုးစုံ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်တာကြောင့် စစ်မှန်တဲ့အပြောင်းအလဲတွေ ဖြစ်ပေါ်လာဖို့ အချိန်အများကြီးယူကာ ဆက်လက်ချီတက်ရဦးမယ်ဆိုတာ ရှင်းလင်းလှပါတယ်။ ဒီထက် ပိုမိုကောင်းမွန်ပြီး၊ မပျက်မစီး ရေရှည်တည်တံ့မယ့် အနာဂတ်ရရှိဖို့နဲ့ မြန်မာနိုင်ငံက ပြည်သူတွေအားလုံးအတွက် ခိုလှုံရာ အစစ်အမှန်ဖြစ်စေရန် နေ့စဥ်ဘဝတွေထဲမှာ ကျင်လည်နေတဲ့ ပြည်သူ့အသံတွေကို ကျွန်မတို့ နားထောင်ဖို့၊ သူတို့ပြောတဲ့ စကားတွေကို သတိတရရှိပြီး မှတ်မိနေဖို့ဟာလည်း အရမ်းကို အရေးကြီးပါတယ်။

အသံထွက်သမိုင်း သို့မဟုတ် ပြည်သူတွေရဲ့ နေ့စဥ်ဘဝတွေကို သမိုင်းအဖြစ် မှတ်တမ်းတင်ထားခြင်းအားဖြင့် ကျွန်မတို့တွေရဲ့ ဘဝတွေနဲ့ မတူညီတဲ့ သူတို့နေ့စဥ်ဘဝ၊ အတွေ့အကြုံတွေကို ကျွန်မတို့ စာနာနားလည်နိုင်မှာ ဖြစ်ပါတယ်။ ထို့ပြင် အသံထွက်သမိုင်းဟာ အစိုးရကသော်လည်းကောင်း၊ သတင်းဌာန သို့မဟုတ် သူငယ်ချင်း၊ မိသားစုဝင်တွေကနေ တစ်ဆင့် ပြန်ပြောပြတဲ့ တစ်ဆင့်ခံစကားမဟုတ်ဘဲ ကာယကံရှင်တွေကိုယ်တိုင်က မိမိတို့အဖြစ်အပျက်တွေကို အရင်းခံအတိုင်း မကွယ်မဝှက် အဖြစ်မှန်အတိုင်း ပြန်လည်ပြောပြခဲ့ခြင်းဖြစ်တဲ့အတွက် ကာယကံရှင်တွေဆီက တိုက်ရိုက်နားထောင်နေရသကဲ့သို့ ခံစားရမှာ ဖြစ်ပါတယ်။ ယခုအခါ မြန်မာနိုင်ငံရှိ ပြည်သူတွေက တိုင်းပြည်ကို စစ်အာဏာရှင်လက်အောက်က လွတ်မြောက်ပြီး ဒီမိုက

ရေစီနိုင်ငံဖြစ်အောင် ကြိုးပမ်းနေချိန်မှာ ၄င်းတို့အနေနဲ့ ဒီစာအုပ်ထဲက ဖြစ်ရပ်မျိုးတွေကို လေ့လာသိရှိပြီး ဒီအဖြစ်မျိုးတွေ နောက်နောင် မဖြစ်ရအောင် တားဆီးနိုင်ဖို့လည်း အင်မတန်အရေးကြီးလှပါတယ်။ မြန်မာနိုင်ငံမှာ လူသိထင်ရှားနာမည်ကြီး ခေါင်းဆောင်တွေလို လူတွေရဲ့ အာရုံစိုက်ခြင်းမခံရတဲ့ ဒီစာအုပ်ထဲက ကာယကံရှင်တွေရဲ့ အဖိနှိပ်ခံဇာတ်လမ်းတွေဟာ မှတ်တမ်းမဲ့ သမိုင်းဖြစ်သကဲ့သို့ ၄င်းတို့ရဲ့မတူကွဲပြားတဲ့ ဘဝစိန်ခေါ်မှုတွေ၊ မျှော်လင့်ချက်တွေဟာ မြန်မာပြည်သူတွေရဲ့ နေ့စဥ်ဘဝတွေနဲ့ ထင်ဟပ်နေမှာလည်း ဖြစ်ပါတယ်။

'တခြားလူတစ်ယောက်အဖြစ် သင့်ကိုယ်သင် စိတ်ကူးကြည့်ခြင်းသို့မဟုတ် တခြားလူတစ်ယောက်ရဲ့ဘဝကို စာနာနားလည်ပေးခြင်းဟာ လူသားဘဝမှာ အရေးအကြီးဆုံးအချက် ဖြစ်ပါတယ်။ ဒါဟာ စစ်မှန်တဲ့ မေတ္တာစိတ်ဖြစ်ပြီး၊ ရိုးသားကောင်းမွန်မှုတို့ရဲ့အဦးအစလည်း ဖြစ်တယ်'

**အီရန်မတ်စ်အီဝမ်မ်**

စာအုပ်ထဲမှာ ပါဝင်တဲ့သူတွေဟာ မြန်မာနိုင်ငံ တခြားနေရာဒေသတွေက ပြည်သူတွေလည်း သူတို့ ခံစားခဲ့ရသလို ခံစားနေကြရတယ်ဆိုတာ သိရတဲ့အခါမှာ အံ့သြသွားကြပြီး မြန်မာနိုင်ငံထဲမှာ စစ်အစိုးရဟာ သတင်းအချက်အလက်တွေကို အစွမ်းကုန်ပိတ်ပင်တားဆီးထားတယ်လို့ ဖွင့်ပြောကြပါတယ်။ ကချင်လွတ်မြောက်ရေးတပ်မတော်က ဗိုလ်ချုပ်တစ်ယောက်ရဲ့ သားဖြစ်တဲ့ ပြည်တွင်းအိုးအိမ်မဲ့ဒုက္ခသည် (IDP) အဖြစ် ကြီးပြင်းခဲ့တဲ့ ကချင်အမျိုးသား နိုးနိုက 'ကရင်ဒုက္ခသည်တွေအကြောင်း ကျွန်တော် ပထမဦးဆုံး ကြားဖူးခဲ့တာက ထိုင်း-မြန်မာ နယ်စပ် မဲဆောက်မြို့ကို ရောက်မှပါ။ ကရင်တွေလည်း စစ်အစိုးရကို လက်နက်ကိုင်တိုက်ပွဲဝင်နေတယ်ဆိုတာ အရင်က မသိဘူး။ တခြားတိုင်းရင်းသား လူမျိုးစုတွေလည်း ရန်းကန်တိုက်ပွဲဝင်နေကြတယ်ဆို

တာ ကြားရတော့ 'သူတို့လည်း ငါတို့လိုပါပဲလား'လို့ တွေးမိလာတယ်' လို့ ပြောပြခဲ့ပါတယ်။

မြန်မာအမျိုးသမီး မဆုမွန်က တိုင်းရင်းသားဒေသတွေမှာ နေထိုင်ကြတဲ့ ပြည်သူတွေ ဆိုးဆိုးဝါးဝါး ဒုက္ခရောက်နေကြတယ်ဆိုတာ အရင်တုန်းက သူ့အနေနဲ့ မယုံကြည်လို့ လူ့အခွင့်အရေးသင်တန်းတစ်ခုမှာ သင်တန်းသားတစ်ယောက်နဲ့ အခြေအတင်စကားများခဲ့ရတယ်ဆိုတာလည်း ကျွန်မတို့ကို ပြန်ပြောပြခဲ့ပါတယ်။ မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်ဒေသက ကျောင်းသား လူငယ် တက်ကြွလှုပ်ရှားသူတစ်ယောက်၊ နိုင်ငံရေးအကျဉ်းသူဟောင်းတစ်ယောက်အနေနဲ့ သူမ ရင်ဆိုင်ခဲ့ရတဲ့ အဖိနှိပ်ခံရမှုတွေဟာ တိုင်းရင်းသား ဒေသတွေက နိုင်ငံရေးလှုပ်ရှားသူတွေရဲ့ အခက်အခဲ အကြပ်အတည်းတွေနဲ့ လုံးဝကွဲပြားခြားနားနေတာကို တွေ့ရသလို၊ တိုင်းရင်းသားဒေသတွေမှာတော့ ရွာတွေ မီးရှို့ခံကြရ၊ မိသားစုတွေ ဆင်းရဲဒုက္ခရောက်ကြရ၊ အသတ်ခံရတာတွေတောင် ရှိတယ်။

စာအုပ်ထဲမှာပါဝင်တဲ့ ဘဝအတွေ့အကြုံတွေ မတူညီကြပေမဲ့ လူ့အခွင့်အရေးချိုးဖောက်ခံရမှုကနေ လွတ်မြောက်ဖို့ ကြိုးပမ်းအားထုတ်ကြခြင်းနဲ့ ဖိနှိပ်မှုကြောင့် ဒုက္ခရောက်ခဲ့ကြရတာတွေကတော့ တူညီနေပါတယ်။ ကျွန်မတို့ကို ပြန်ပြောပြတာက သူတို့ကိုယ်ပိုင်အတွေ့အကြုံတွေသာ ဖြစ်ပေမဲ့ ဒါဟာ အထီးကျန်ဆန်လှပြီး၊ ဘာတစ်ခုမှ ထင်သာမြင်သာမရှိတဲ့ မြန်မာနိုင်ငံထဲမှာ ဖြစ်ပျက်နေတဲ့အဖြစ်အပျက်တွေနဲ့ ဆက်စပ်နေတယ်။ ဆောင်ရွက်မှုတိုင်း၊ အပြုအမူတိုင်းမှာ နောက်ဆက်တွဲအကျိုးသက်ရောက်မှုရှိနေပြီး၊ ဒါကလည်း အင်အားကောင်းမွန်လာဖို့ တဖြည်းဖြည်း အရှိန်ယူနေခြင်းသာ ဖြစ်ပါတယ်။

*

ပြဿနာ၏ အရင်းအမြစ်များ

မြန်မာနိုင်ငံမှာ လက်ရှိရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေထဲက အများစုဟာ ဗြိတိသျှကိုလိုနီတို့ရဲ့ တောင်ပေါ် မြေပြန့်နှင့် လူမျိုးရေးကွဲပြားမှုအပေါ် ခွဲခြားအုပ်ချုပ်ခဲ့စဉ်ကတည်းက စတင်မြစ်ဖျားခံခဲ့တာဖြစ်တယ်။ ဗြိတိသျှ အင်္ဂလိပ်တွေက မြန်မာတစ်နိုင်ငံလုံးကို ၁၈၈၅ ခုနှစ်မှာ အပြီးပိုင်သိမ်းယူ အုပ်ချုပ်ခဲ့ကြတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဦးဆောင်မှုနဲ့ မြန်မာမျိုးချစ်တွေဟာ ၁၉၄၈ ခုနှစ်မှာ မြန်မာနိုင်ငံ လွတ်လပ်ရေးကို ရယူနိုင်ခဲ့ကြတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းရင်းသားကိုယ်စားလှယ် တချို့နဲ့အတူ ၁၉၄၇ ခုနှစ်မှာ ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့တယ်။ ပင်လုံစာချုပ်က တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံထားပြီး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ဖို့လည်း သဘောတူခဲ့ကြတယ်။ ဒါပေမဲ့ ၁၉၄၇ ခုနှစ်မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အစိုးရအဖွဲ့ ဝန်ကြီးတွေ လုပ်ကြံခံခဲ့ရပြီးတဲ့နောက် ပြည်ထောင်စုသစ် တည်ဆောက်ရေးဆိုတဲ့စိတ်ကူးတွေဟာ ရေပေါ်မှာ အရုပ်ရေးသလို ဖြစ်ခဲ့ရတယ်။ ၁၉၄၇ နဲ့ ၁၉၆၂ ခုနှစ်ကြားကာလတွေဟာ မြန်မာပြည်နိုင်ငံရေး တည်ငြိမ်မှု မရှိတဲ့ကာလတွေဖြစ်ခဲ့ပြီး အဲဒီကာလတွေမှာ အစိုးရခေါင်းဆောင်သစ်တွေရဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေကြောင့် တိုင်းရင်းသားလူမျိုးစုတွေဟာ စိုးရိမ်ထိတ်လန့်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်အဖွဲ့တွေ အလျှိုလျှိုပေါ်ပေါက်လာခဲ့ပြီး ပြည်ထောင်စု ပြိုကွဲခဲ့တယ်။

၁၉၆၂ ခုနှစ်မှာ ဗိုလ်ချုပ်နေဝင်း ဦးဆောင်တဲ့ စစ်တပ်က တိုင်းပြည်

အာဏာကို သိမ်းယူခဲ့ပြီးနောက် တိုင်းပြည်ကို နှစ်ငါးဆယ်နီးပါးကြာအောင် အုပ်ချုပ်ခဲ့ပြီး ကာလရှည်ကြာလှတဲ့ ပြည်တွင်းစစ်တွေကို ဖြစ်ပေါ်လာစေခဲ့တယ်။ ၁၉၈၇ ခုနှစ်မှာ တိုင်းပြည်စီးပွားရေးဟာ အဆိုးဆုံးအခြေအနေကို ရောက်ခဲ့ပြီး၊ နိုင်ငံအနှံ့အပြားမှာ ဆန္ဒပြပွဲတွေပေါ်ပေါက်လာခဲ့တယ်။ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှာ မြန်မာ့သမိုင်းမှာ အကြီးမားဆုံး ဆန္ဒပြပွဲတွေ ပေါ်ပေါက်လာခဲ့ပြီးနောက် ဒီဆန္ဒပြပွဲတွေကို အစိုးရက အကြမ်းဖက်ဖြိုခွင်းပစ်ခဲ့တယ်။ ၁၉၉၀ ခုနှစ်မှာ ရွေးကောက်ပွဲတွေ ကျင်းပပေးခဲ့ပေမဲ့ အနိုင်ရရှိခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို အာဏာလွှဲပြောင်းပေးဖို့ အာဏာသိမ်းစစ်အစိုးရက ငြင်းဆန်ခဲ့တယ်။

၂၀၀၇ ခုနှစ်မှာ ထပ်မံပေါ်ပေါက်လာခဲ့တဲ့ 'ရွှေဝါရောင်တော်လှန်ရေး'လို့ လူသိများတဲ့ ရဟန်းသံဃာတွေ ဦးဆောင်တဲ့လှုပ်ရှားမှုကြီးကိုလည်း အစိုးရက အကြမ်းဖက်ဖြိုခွင်းခဲ့ပြန်တယ်။ လူပေါင်း တစ်သိန်းလေးသောင်းခန့် သေကြေခဲ့ရတဲ့ နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီးနောက် စစ်အစိုးရရဲ့ လူသားမဆန်မှု၊ တိုင်းပြည်ကို အုပ်ချုပ်နိုင်စွမ်းမရှိမှုတွေကို ထပ်မံမြင်တွေ့ခဲ့ကြရပြန်တယ်။ တိုင်းပြည်အတွက် အလွန်အရေးကြီးနေချိန် မုန်တိုင်းကြောင့် ဒုက္ခရောက်နေတဲ့ ပြည်သူတွေကို အကူအညီပေးဖို့ ကမ်းလှမ်းတဲ့ နိုင်ငံတကာ အကူအညီတွေကို စစ်အစိုးရက ငြင်းဆန်ခဲ့တယ်။ စစ်အစိုးရရဲ့ ဆယ်စုနှစ်များစွာ ဖိနှိပ်အုပ်ချုပ်မှုအောက်မှာ တိုင်းပြည်အနှံ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို မှတ်တမ်းတင်ထားရာမှာ အဓမ္မလုပ်အားပေးစေခိုင်းမှု၊ အကြောင်းမဲ့ဖမ်းဆီးချုပ်နှောင်ထားမှု၊ ကိုယ်ထိလက်ရောက် ရိုက်နှက်စော်ကားမှု၊ လိင်ပိုင်းဆိုင်ရာ ကျူးလွန်စော်ကားမှု၊ နှိပ်စက်ညှဉ်းပမ်းမှု၊ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာစုဝေးခွင့်၊ လွတ်လပ်စွာသွားလာခွင့်အား

ပြင်းထန်စွာပိတ်ပင်တားမြစ်မှု၊ အိုးအိမ်များနှင့် ပြည်သူပိုင်ပစ္စည်းများကို ဖျက်ဆီးမှု၊ ကျေးရွာများကို ဖျက်ဆီးမှု၊ အဓမ္မစစ်သား စုဆောင်းမှု၊ အဓမ္မကလေးစစ်သားစုဆောင်းမှု၊ လူနည်းစုတိုင်းရင်းသားများနှင့် ဘာသာခြားများအား ခွဲခြားဆက်ဆံမှု၊ အနိုင်ကျင့်မှုတွေ ပါဝင်တယ်။ ရလဒ်အဖြစ် သန်းနဲ့ချီသော ပြည်သူများ အိုးမဲ့အိမ်မဲ့ ဒုက္ခသည်အဖြစ်၊ စစ်ပြေးဒုက္ခသည်တွေအဖြစ် မြန်မာနိုင်ငံ အပြင်ဖက်ကို ထွက်ပြေးခဲ့ကြရတယ်။ အချို့ကတော့ မိမိနေရပ်ကိုစွန့်ခွာပြီး မြန်မာနိုင်ငံထဲက တောတောင်တွေထဲမှာ ပုန်းအောင်းနေထိုင်နေကြရတယ်။ ၁၉၉၆ ခုနှစ်ကစလို့ မြန်မာနိုင်ငံ အရှေ့ဘက်ခြမ်း တစ်ခြမ်းမှာတင် ကျေးရွာပေါင်း သုံးထောင့်ငါးရာကျော် ဖျက်ဆီးခံခဲ့ရတယ်။

နှစ် ၂၀ အတွင်း ပထမဆုံးအကြိမ်ရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့မှာ စစ်အစိုးရက ကျင်းပခဲ့တယ်။ မသမာတဲ့ ကြိုတင်မဲများ ရယူမှု၊ မဲပေးတဲ့ပြည်သူတွေ လွတ်လပ်စွာ မဲပေးခွင့်မရဘဲ ခြိမ်းခြောက်ပြီး မဲထည့်ခိုင်းမှု၊ ဒီမိုကရေစီမကျတဲ့ ရွေးကောက်ပွဲဥပဒေတွေကြောင့် ထိုရွေးကောက်ပွဲအား စစ်အစိုးရအာဏာကို တရားဝင်ဖြစ်အောင် အကွက်ချစီစဥ်မှုအဖြစ် ထောက်ပြခဲ့ကြပြီး၊ အတုအယောင် ရွေးကောက်ပွဲ အဖြစ် ဒေသတွင်းအဖွဲ့အစည်းတွေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းက ကျယ်ကျယ်ပြန့်ပြန့်ဝေဖန်ခဲ့ကြတယ်။ စစ်အစိုးရ ဖွဲ့စည်းပုံအခြေခံဥပဒေကလည်း ပြည်သူ့လွှတ်တော်မှာ စစ်တပ်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းနဲ့ အမျိုးသားလွှတ်တော်မှာ စစ်တပ်ကိုယ်စားလှယ် သုံးပုံတစ်ပုံကို အလိုအလျောက် ပေးထားတယ်။ ၂၀၁၀ ရွေးကောက်ပွဲမှာ ယခင် စစ်အစိုးရလက်ထက် ဝန်ကြီးချုပ်ဖြစ်ခဲ့သူနဲ့ အခြားဝန်ကြီးဟောင်းတွေ ဦးဆောင်တဲ့ စစ်တပ်ကျောထောက်နောက်ခံပြုထားတဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီက ၇၅ ရာနှုန်းဝန်းကျင်ခန့် မဲ

အနိုင်ရရှိခဲ့တယ်။

မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အပြောင်းအလဲတွေနဲ့ ပတ်သက်ပြီး ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကစလို့ လူပြောသူပြောများခဲ့တယ်။ မြန်မာနိုင်ငံမှာ ထင်သာမြင်သာရှိတဲ့ အပြောင်းအလဲတချို့လည်း ဖြစ်ခဲ့တယ်။ အထူးသဖြင့် အပြောင်းအလဲတွေဟာ မြို့ကြီးတွေမှာဖြစ်ပေါ်ခဲ့ပြီး၊ ရာနဲ့ချီတဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးခြင်း၊ မီဒီယာလွတ်လပ်ခွင့်အပါအဝင် အခြားအခွင့်အရေးတွေဖြစ်တဲ့ လွတ်လပ်စွာပြောဆိုခွင့်၊ စုဝေးခွင့်တို့ကိုပါ အစိုးရက အကန့်အသတ်နဲ့ ခွင့်ပြုလာတာတွေ့ရတယ်။ သို့သော် စာအုပ်ထဲတွင် ဖော်ပြထားသော လူ့အခွင့်အရေးချိုးဖောက်မှုမျိုးများ မြန်မာနိုင်ငံ အနှံ့အပြား ဆက်လက်ဖြစ်ပွားလျက်ရှိတယ်။ တပ်မတော်ဟာ အင်အားကြီးမားတဲ့အဖွဲ့အစည်းအဖြစ်ဆက်လက်တည်ရှိနေပြီး၊ တိုင်းပြည်ထဲမှာ လုပ်ချင်တာလုပ်ဖို့ တရားဝင်လိုင်စင်ရထားသလို ဆက်လက်ရပ်တည်နေနိုင်ဆဲ ဖြစ်တယ်။ တရားဝင်ထုတ်ပြန်ထားတဲ့စာရင်းတွေအရ လက်ရှိမှာ ပြည်သူတစ်သန်းကျော် မိမိတို့ အိုးအိမ်တွေကို စွန့်ခွာပြီး မြန်မာနိုင်ငံအတွင်းနဲ့ နယ်စပ်ချင်းကပ်နေတဲ့ အိမ်နီးချင်းနိုင်ငံတွေမှာ နေထိုင်ကြရတယ်။ ဒီစာရင်းမှာ မပါသေးတဲ့လူတွေလည်း ရှိနေပြီး၊ တကယ့်စာရင်းအမှန်က ဒီထက် အဆမတန်ပိုများမှာ ဖြစ်ပါတယ်။ ယခုစာအုပ်ထဲတွင် ပါဝင်သော အဖြစ်အပျက်အများစုက တိုင်းရင်းသား လူမျိုးစုတွေ နေထိုင်တဲ့ နယ်စွန်နယ်ဖျားကျေးလက်ဒေသတွေမှာ ဖြစ်ခဲ့တာတွေဖြစ်ပြီး၊ ဒီလို အဖြစ်အပျက်မျိုးတွေ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်တယ်။

ဥပမာအားဖြင့် နိုးနိုရဲ့အဖြစ်အပျက်ကို ကြည့်မယ်ဆိုရင် နိုးနိုဟာ သူ့ငယ်စဉ်ဘဝမှာ ကချင်လွတ်မြောက်ရေးတပ်နဲ့ ကချင်ရွာတွေကို လိုက်လံတိုက်ခိုက်နေတဲ့ မြန်မာအစိုးရစစ်တပ်တွေရဲ့လက်ကနေ လွတ်

အောင် တောက်လျှောက်ထွက်ပြေးတိမ်းရှောင်နေခဲ့ရရင်း ပြည်တွင်း အိုးအိမ်မဲ့ တစ်ယောက် ဖြစ်ခဲ့တာကို ဖွင့်ဟပြောဆိုထားတယ်။ ဆယ်စု နှစ်တွေ ကြာပြီးတဲ့နောက် ၂၀၁၁ ခုနှစ် ဇွန်လထဲမှာ မြန်မာ့တပ်မတော် ဟာ ကချင်လွတ်မြောက်ရေးတပ်မတော်နဲ့ ၁၇ နှစ်ကြာ ရယူထားခဲ့တဲ့ အပစ်အခတ်ရပ်စဲရေးစာချုပ်ကို ချိုးဖောက်ခဲ့တယ်။ ထိုနောက်ပိုင်းတွင် အစိုးရတပ်တွေနဲ့ ကချင်လွတ်မြောက်ရေးတပ်မတော်ကြား တိုက်ပွဲတွေ က ယနေ့အထိ ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်တယ်။ စစ်ပွဲတွေရဲ့ နောက်ဆက်တွဲအဖြစ် အရပ်သား ပြည်သူ တစ်သိန်းခန့်ဟာ အိုးအိမ် တွေ စွန့်ခွာထွက်ပြေး တိမ်းရှောင်နေကြရပြီး မသေချာ မရေရာတဲ့ အနာဂတ်နဲ့ ရင်ဆိုင်နေကြရတယ်။

နောက်ဖြစ်ရပ်တစ်ခုဖြစ်တဲ့ ရိုဟင်ဂျာအမျိုးသမီး ဖာတီမာရဲ့ ဇာတ်လမ်းကို ကြည့်မယ်ဆိုရင် သူမနဲ့ သူမမိသားစုဟာ စစ်အစိုးရနဲ့ စစ်တပ်ရဲ့ ရက်ရက်စက်စက် အနိုင်ကျင့်နှိပ်စက်ခြင်းကို ခံခဲ့ရတာတွေ့ ကြရမှာဖြစ်ပါတယ်။(၁) ဖာတီမာဟာ နိုင်ငံသားဖြစ်ခွင့်ကို ငြင်းဆိုခြင်း ခံခဲ့ရတဲ့အပြင်၊ လွတ်လပ်စွာ လက်ထပ်ခွင့်နဲ့ ကလေးမွေးဖွားခွင့်တွေ လည်း မရခဲ့ပါဘူး။ ရိုဟင်ဂျာတွေအပေါ်မှာ အစိုးရရဲ့ခွဲခြားဆက်ဆံမှု ဟာ ယနေ့တိုင် ဆက်လက်တည်ရှိနေဆဲဖြစ်ပြီး၊ ၂၀၁၂ ခုနှစ်က စတင်ခဲ့ တဲ့ ရိုဟင်ဂျာဆန့်ကျင်ရေး အကြမ်းဖက်မှုတွေဟာ ၂၀၁၄ အထိ ဖြစ်ပေါ် နေဆဲဖြစ်တယ်။ အစိုးရက ဒီအကြမ်းဖက်မှုတွေကို ကာကွယ်ပေးဖို့ ပျက်ကွက်ခဲ့ရုံသာမက ကျူးလွန်သူတွေကို အပြစ်ပေးတာလည်းမရှိခဲ့ သလို၊ ကိုယ်တိုင်ပါဝင် ကျူးလွန်ခဲ့တာတွေတောင် ရှိခဲ့ပါတယ်။

(၁)-ရိုဟင်ဂျာအများစုက ဘင်္ဂလားဒေ့ရှ်နယ်စပ် ရခိုင်ပြည်နယ် မြောက်ပိုင်းမှာ နေထိုင်ကြတယ်။ သူတို့က သူတို့ကိုသူတို့ ဒေသခံ တိုင်းရင်းသားလူမျိုးစု ဖြစ်တယ်လို့ ပြောဆိုကြတယ်။ ရိုဟင်ဂျာတို့

မြန်မာနိုင်ငံတွင် သားစဉ်မြေးဆက်နေထိုင်လာခဲ့ကြပေမယ့် ရိုဟင်ဂျာအများစုကို မြန်မာအစိုးရက နိုင်ငံသားဖြစ်ခွင့် ငြင်းပယ်ထားတာကြောင့် ၎င်းတို့ နိုင်ငံမဲ့များ ဖြစ်နေရတယ်။ အစိုးရက ၎င်းတို့ကို 'ဘင်္ဂါလီ'၊ 'ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင် ခိုးဝင်လာသူများ' ဟု ရည်ညွှန်းလေ့ရှိတယ်။ မြန်မာပြည်ရှိ ရိုဟင်ဂျာတွေက စစ်တကောင်းဘင်္ဂါလီမျိုးနွယ်၊ အာရပ်ရေကြောင်းကုန်သည်များနှင့် ရခိုင်ပြည်နယ်ရှိ ဒေသခံများမှ ဆင်းသက်လာသူများ ဖြစ်ကြတယ်။

လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်းမှာ ပြုပြင်ပြောင်းလဲရေးကာလတစ်လျှောက် မည်သည့်အစိုးရအရာရှိ တစ်ဦးတစ်ယောက်ကိုမျှ လူ့အခွင့်အရေးချိုးဖောက်မှုအတွက် အပြစ်ပေး အရေးယူတာလည်း မရှိခဲ့ပါဘူး။ နိုင်ငံရေး၊ စီးပွားရေး အကြပ်အတည်းပြဿနာတွေဟာ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်ပြီး၊ သန်းနဲ့ချီတဲ့ဒုက္ခသည်နဲ့ ရွှေ့ပြောင်းအလုပ်သမားတွေဟာ အိမ်နီးချင်းနိုင်ငံတွေမှာ ဆက်လက်နေထိုင်နေရဆဲ ဖြစ်တယ်။ အဲဒီအထဲက အများစုဟာ တရားမဝင်နေထိုင်နေကြရတာဖြစ်ပြီး၊ အန္တရာယ်ရှိတဲ့အခြေအနေအောက်မှာ အချိန်တိုင်းလို စိုးရိမ်ထိတ်လန့်မှုတွေ ခေါင်းပုံဖြတ်မှုတွေနဲ့ ရင်ဆိုင်နေကြရတယ်။

*

## မျှော်လင့်ချက်များ၊ စိန်ခေါ်နေမှုများ

ဤစာအုပ်တည်းဖြတ်သူ အယ်ဒီတာတွေအနေနဲ့ ဒေသအလိုက်၊ အကြောင်းအရာအလိုက် ဖြစ်ပျက်နေတဲ့ဖြစ်ရပ်တွေထဲက အရေးကြီး

ပြီး၊ သီးခြားဖြစ်စဥ်တွေလည်းဖြစ်တဲ့ ဇာတ်လမ်းတွေကို စာအုပ်ထဲမှာ ပါနိုင်သမျှ ပါဝင်အောင် အတတ်နိုင်ဆုံး ကြိုးပမ်းအားထုတ်ထားပါတယ်။ စာအုပ်ထဲမှာ မည်သည့်ဇာတ်လမ်းကို ထည့်သွင်းမလဲဆိုတာကို ဆုံးဖြတ်ရွေးချယ်ရတဲ့အလုပ်က ခက်ခဲတဲ့အလုပ်တစ်ခုဖြစ်ပြီး ကောင်းမွန်ပြည့်စုံတဲ့ ဆုံးဖြတ်မှုမဟုတ်ဘူးဆိုတာ ရှောင်လွှဲလို့မရပါဘူး။ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ မလေးရှားနိုင်ငံနဲ့ အမေရိကန်နိုင်ငံတွေမှာ ဆယ့်ရှစ်လကြာအောင် တွေ့ဆုံမေးမြန်းမှုတွေ လုပ်ခဲ့ပါတယ်။ ကျွန်မတို့ကို ဖြေဆိုပေးခဲ့သူအားလုံးကလည်း မြန်မာနိုင်ငံမှာ စစ်အစိုးရလက်အောက် လူ့အခွင့်အရေးချိုးဖောက်ခံရမှုတွေကနေ လွတ်မြောက်ပြီး အသက်ရှင်ကျန်ရစ်ခဲ့တဲ့သူတွေပဲ ဖြစ်ပါတယ်။ သို့သော်လည်း ဒီစာအုပ်ထဲမှာပါဝင်တဲ့ ဇာတ်လမ်းတွေက မြန်မာနိုင်ငံမှာ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေထဲက ရာနှုန်းအနည်းငယ်ကိုသာ ထင်ဟပ်လျက်ရှိပြီး၊ ဖြေဆိုပေးခဲ့သူအားလုံးကိုလည်း ဒီစာအုပ်ထဲမှာ မထည့်သွင်းနိုင်ခဲ့ဘဲ လူနည်းစုကိုသာ ထည့်သွင်းဖော်ပြနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ မည်သို့ဆိုစေ ဒီစာအုပ်ထဲမှာ ပါဝင်သူတွေရဲ့အဖြစ်အပျက်တွေ ဇာတ်လမ်းတွေဟာ စစ်အစိုးရလက်အောက်ရှိ ပြည်သူတွေ နေ့တဓူဝရင်ဆိုင်ခဲ့ရတဲ့အခက်အခဲ အကြပ်အတည်းတွေကို ထင်ဟပ်လျက်ရှိပါတယ်။ သူတို့နဲ့ သူတို့မိသားစုတွေ ဒုက္ခအကြီးအကျယ်ရောက်နိုင်တယ်ဆိုတာ သိလျက်နဲ့ ကျွန်မတို့တွေ့ဆုံမေးမြန်းရာမှာ အဖြစ်မှန်တွေကို ရဲဝံ့စွာ ပြောပြခဲ့တဲ့သူတွေဟာလည်း မယုံကြည်နိုင်စရာ ကောင်းလောက်အောင် သတ္တိပြောင်မြောက်လှပါတယ်။

ကျွန်မတို့ တွေ့ဆုံမေးမြန်းခဲ့သူတွေရဲ့ လုံခြုံရေးအတွက် သူတို့နာမည်တွေ၊ သူတို့မိသားစုနဲ့သူငယ်ချင်းတွေရဲ့နာမည်တွေ၊ သူတို့ရွာ

နာမည်တွေကို ပြောင်းလဲထားပါတယ်။ သူတို့နဲ့ ကျွန်မတို့ တွေ့ဆုံမေးမြန်းရာမှာ သူတို့ စိတ်သက်သောင့်သက်သာအဖြစ်ဆုံးအချိန်တွေကို ရွေးပြီး သူတို့နေအိမ်တွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ ဒုက္ခသည်စခန်းတွေ၊ ဟိုတယ်တွေ၊ လုပ်ငန်းခွင်တွေမှာ မေးမြန်းခဲ့တာ ဖြစ်ပါတယ်။

ကျွန်မတို့ကို ဖြေဆိုပေးခဲ့သူအများစုဟာ ဖိနှိပ်အနိုင်ကျင့်မှု၊ ဆင်းရဲမွဲတေမှုတွေကနေ လွတ်မြောက်အောင် မိမိတို့နေအိမ်ကနေ ဝေးရာအရပ်ကို ထွက်ပြေးလာကြသူတွေ ဖြစ်ပါတယ်။ သူတို့ဟာ သူတို့ရဲ့ အမိအိမ်လို့ ခေါ်ဆိုရမယ့်နေရာမှာ မလုံခြုံမှုတွေနဲ့ အန္တရာယ်မျိုးစုံကို စဉ်ဆက်မပြတ် တွေ့ကြုံခဲ့ရသူတွေဖြစ်ပြီး လူမျိုးရေးအရ၊ ဘာသာရေးအရ ခွဲခြားဆက်ဆံခံရ၊ အနိုင်ကျင့်ခံရလို့ ထွက်ပြေးလာခဲ့ကြသူတွေဖြစ်တာကြောင့် အမိအိမ်လို့ ညွှန်းဆိုရာမှာကို အင်မတန် ခက်ခဲလှပါတယ်။

ဒါကြောင့် ဒီစာအုပ်ရဲ့ ခေါင်းစဉ်ဖြစ်တဲ့ 'အိမ်လို့ခေါ်ဆိုစရာ နေရာမရှိဘူး'ဆိုတဲ့ ခေါင်းစဉ်က ကျွန်မတို့ တွေ့ဆုံမေးမြန်းခဲ့တဲ့ လူအများစုရဲ့ အဖြစ်အပျက်တွေထဲက ထင်သာမြင်သာအဖြစ်ဆုံး ဖြစ်ရပ်တစ်ခုဖြစ်ပါတယ်။ ကျွန်မတို့ကို ဖြေဆိုပေးခဲ့သူတွေဟာ ရောက်ရာအရပ် ဒါမှမဟုတ် လက်ရှိရောက်နေတဲ့ နိုင်ငံကို မိမိတို့အိမ်အဖြစ်လက်ခံနိုင်အောင် ကြိုးစားနေထိုင်ကြတာ တွေ့ရပါတယ်။ အဲဒီမှာ သူတို့မျှော်လင့်ချက်တွေ ရှိသလို စိန်ခေါ်မှုတွေလည်း ရှိနေပါတယ်။

ယခုစာအုပ်အတွက် တွေ့ဆုံမေးမြန်းပြီးနောက် မကြာသေးခင် နှစ်တွေအတွင်းမှာ ဖြစ်ပေါ်လာတဲ့နိုင်ငံရေး အပြောင်းအလဲတွေကြောင့် ကျွန်မတို့ကို ဖြေဆိုပေးခဲ့သူတွေထဲက တချို့ဟာ မြန်မာနိုင်ငံကို ပြန်ရမလား မပြန်ဘဲ ရောက်ရာအရပ်မှာပဲ ဆက်လက်နေထိုင်ရမလားဆိုတာကို ဆုံးဖြတ်ချက်ချဖို့ ခက်ခဲနေပါတယ်။ လက်ရှိအပြောင်းအလဲက

အချိန်မရွေး ပြိုကျသွားနိုင်သလို၊ သူတို့မွေးဖွားကြီးပြင်းရာ အိမ်ကို ပြန်ကြဖို့အတွက် သင့်တော်တဲ့အခြေအနေ ဖြစ်နေပါပြီလား။ အများစုက တိုင်းပြည်ထဲမှာ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်တဲ့ ပြဿနာပေါင်း သောင်းခြောက်ထောင်ကြားမှာ စားဝတ်နေရေး၊ ဘဝရှင်သန်ရပ်တည်ရေးအတွက် ရုန်းကန်ကြရဦးမှာဖြစ်ပြီး၊ နိုင်ငံရေးဖြစ်စဉ်မျိုးစုံကိုလည်း ရင်ဆိုင်တွေ့ကြုံရဦးမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တစ်ချိန်က ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာ လူတွေ အမှတ်တရ ရှိနေဖို့အတွက် ဒီစာအုပ်က ညွှန်ပြပေးလိမ့်မယ်လို့ ကျွန်မတို့ မျှော်လင့်ပါတယ်။ ထို့ပြင် မိမိတို့ ခံစားခဲ့ရတဲ့လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေကို ရဲဝံ့စွာပြောပြခဲ့သူတွေရဲ့ သတ္တိပြောင်မြောက်မှုကြောင့်လည်း တစ်နေ့မှာ မြန်မာနိုင်ငံက မတူကွဲပြားတဲ့ လူမျိုးပေါင်းစုံအနေနဲ့ မြန်မာနိုင်ငံဟာ ၎င်းတို့နေအိမ်အဖြစ် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရန် အထောက်အကူပြုနိုင်မယ်လို့လည်း ကျွန်မတို့ ယုံကြည်မျှော်လင့်မိပါတယ်။

*

# နိဒါန်း

နားလည်နိုင်မှု၏အဦးအစ

ကပူတော

ကပူက 'အိမ်လို့ခေါ်စရာ နေရာမရှိ' စာအုပ်ရဲ့ လက်ထောက်အယ်ဒီတာ တစ်ယောက်ဖြစ်ပါတယ်။ ဒီစာအုပ်ထဲမှာပါတဲ့ အင်တာဗျူးအများစုကို ကပူက စာနဲ့ရော စကားနဲ့ပါ ဘာသာပြန်ဆိုပေးခဲ့တဲ့အပြင် မှတ်တမ်းလည်း လိုက်ပေးခဲ့တယ်။ စာအုပ်တစ်အုပ်ဖြစ်မြောက်ရေးအတွက် စီမံခန့်ခွဲရေးအလုပ်တွေပါ ကူညီလုပ်ဆောင်ပေးခဲ့တယ်။ အသက်နှစ်ဆယ့် တစ်နှစ်အရွယ် ကပူဟာ ကရင်အမျိုးသားတစ်ဦးဖြစ်ပြီး၊ မြန်မာနိုင်ငံ မွန်ပြည်နယ်မှာ မွေးဖွားကြီးပြင်းခဲ့ပါတယ်။ သူဟာ ပညာသင်ကြားခွင့်နဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေအတွက် ထိုင်း-မြန်မာနယ်စပ် ထိုင်းနိုင်ငံဖက်ခြမ်းမှာ နေထိုင်နေတဲ့ မြန်မာနိုင်ငံသားလူငယ်များစွာထဲက တစ်ယောက်ဖြစ်တယ်။ ထိုင်းနိုင်ငံမှာ တရားမဝင်နေထိုင်နေကြရတဲ့ သူနဲ့ဘဝတူ လူငယ်များစွာလိုပဲ ကပူက ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်တည်နိုင်ဖို့ နေ့စဥ်နဲ့အမျှ အခက်အခဲတွေ ရင်ဆိုင်ကျော်ဖြတ်နေရတယ်။ လွန်ခဲ့တဲ့ငါးနှစ်ကမှ အင်္ဂလိပ်စာကို စတင်လေ့လာခဲ့ပေမယ့် အခုဆို ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ ကလေးတွေအတွက် ဖွင့်လှစ်ထားတဲ့စာသင်ကျောင်းမှာ အင်္ဂလိပ်စာသင်ကြားတဲ့ဆရာအဖြစ် စာသင် ပေးနေတဲ့အပြင်၊ တခြားအန်ဂျီအို အဖွဲ့အစည်း

တွေနဲ့လည်း လက်တွဲလုပ်ကိုင် လျက်ရှိတယ်။ နိုင်ငံခြားတက္ကသိုလ်မှာ တက်ရောက်ပညာသင်ယူချင်ပြီး တစ်နေ့နေ့တစ်ချိန်ချိန်မှာ မြန်မာနိုင်ငံကို ပြန်ပြီး သံတမန်အဖြစ်သော် လည်းကောင်း၊ ငြိမ်းချမ်းရေး အကျိုးဆောင်အဖြစ်သော်လည်းကောင်း လုပ်ဆောင်ချင်တာက ကပူရဲ့ အပြင်းပြဆုံးဆန္ဒဖြစ်တယ်။ ထိုင်းနိုင်ငံကို ရောက်ရှိပြီးတဲ့နောက် သူ လေ့လာသင်ကြားခွင့်ရခဲ့တဲ့ လွတ်လပ်စွာ ဖြန့်ထွက်တွေးခေါ်ခြင်းကို အားပေးတဲ့ ပညာရေးနဲ့နှိုင်းယှဉ်ပြီးတော့ မြန်မာနိုင်ငံမှာ နေခဲ့ရတုန်းက မျက်မမြင်တစ်ယောက်လို ဖြစ်ခဲ့တာလို့ ကပူက ကျွန်မတို့ကို ပြောပြခဲ့တယ်။ ဒီစာအုပ်အတွက် ကပူကိုလည်း ကျွန်မတို့ အင်တာဗျူးခဲ့တယ်။ မြန်မာပြည် အခြေအနေရယ်၊ ဒီစာအုပ်ဖြစ်မြောက်လာဖို့အတွက် ပါဝင်လုပ်ကိုင်ခဲ့ရတဲ့အပေါ် သူ့သဘောထားအမြင်အချို့က အောက်ပါအတိုင်း ဖြစ်ပါတယ်။

*

ဒီ သက်သေခံအသံများ ဆိုတဲ့ စီမံကိန်းမှာ ကျွန်တော် ဝင်လုပ်ခဲ့ ရတဲ့ ရည်ရွယ်ချက်ကတော့ စာအုပ်ထဲမှာ ပါတဲ့ အကြောင်းအရာတွေနဲ့ အချက်အလက်တွေက ဒီစာအုပ်ကို ဖတ်ခွင့်ရတဲ့သူတိုင်းအတွက် အများကြီး အကျိုးရှိမယ်လို့ ယုံကြည်လို့ပဲ ဖြစ်ပါတယ်။ စာအုပ်အတွက် တွေ့ဆုံမေးမြန်းမှုတွေများလာတာနဲ့အမျှ ကျွန်တော် ပိုပိုပြီး သိခွင့်ရလာတယ်။ ပိုသိလာတာနဲ့အမျှ ဒီထက်မက ထပ်ပြီး နားထောင်ချင်စိတ်တွေ ပေါ်လာတယ်။ အခုဆိုရင် လူတစ်ယောက်ပြောပြနေတဲ့ အကြောင်းအရာကို ကျွန်တော်ကိုယ်တိုင် သူ့လိုမျိုး တွေ့ကြုံခဲ့ရခြင်းမရှိ

ပေမဲ့ သူ့ကို ကိုယ်ချင်းစာ နားလည်ပေးနိုင်လာတယ်။

အားလပ်ချိန်ရှိတိုင်း စာအုပ်တွေဖတ်ပြီး တခြားလူတွေရဲ့ဘဝတွေကို နားလည်ဖို့ ကျွန်တော်ကြိုးစားတယ်။ ပြည်ပရောက် ဆူဒန်ဒုက္ခသည်တွေရဲ့အကြောင်းတွေ၊ မိမိနိုင်ငံကိုစွန့်ခွာပြီး တခြားနိုင်ငံကို ရွှေ့ပြောင်းထွက်ခွာသွားရတဲ့သူတွေအကြောင်းတွေ ဖတ်ရတဲ့အခါမျိုးမှာ သူတို့ဘဝတွေနဲ့ ကျွန်တော့် ကိုယ်ပိုင်အတွေ့အကြုံကို ဆက်စပ်ပေါင်းကူးကြည့်မိတယ်။ သက်သေခံ အသံများ ပရောဂျက်ကထုတ်တဲ့ မုန်တိုင်းထဲက အသံများဆိုတဲ့ ကတ်ထရီနာ ဟာရီကိန်းမုန်တိုင်းကြောင့် ရေဘေးဒုက္ခခံခဲ့ရတဲ့ လူတွေအကြောင်း ရေးထားတဲ့ စာအုပ်ကို ကျွန်တော်ဖတ်ရတဲ့အခါ ကျွန်တော်တို့ရွာမှာရေကြီးလို့ စပါးခင်းတွေ အကုန်လုံးပျက်စီးဆုံးရှုံးခဲ့တဲ့အဖြစ်ကို ပြန်သတိရမိတယ်။ အဲဒီတုန်းကဆို နဂိုကမှဆင်းရဲတဲ့ ကျွန်တော်တို့ဘဝတွေ ဒုက္ခိတ ပျားတုတ်သလို ဖြစ်ခဲ့ရတာ။ သက်သေခံအသံများထဲက ဇာတ်လမ်းအားလုံးကို ကျွန်တော့်ကိုယ်ပိုင်ဘဝနဲ့ တစ်ခုချင်းလိုက်ပြီး ပေါင်းစပ်ကြည့်တယ်။ အဲဒီကစပြီး ကိုယ် မကြုံဖူး မတွေ့ဖူးတဲ့အကြောင်းအရာ အသစ်အဆန်းတွေကို နားလည်ပေးနိုင်လာခဲ့တယ်ဗျ။

မြန်မာနိုင်ငံမှာတုန်းကဆို ရွာမှာနေပြီး လယ်ထဲယာထဲမှာ ကျွဲနွားတွေနဲ့ဖက်ပြီး အလုပ်ကို ကြိုးစားလုပ်၊ စားဝတ်နေရေးအတွက် ရုန်းကန်ရမယ်ဆိုတာပဲ သိခဲ့တာ။ ကိုယ့်ဘဝနဲ့ တခြားလူတွေရဲ့ ဘဝကိုနှိုင်းယှဉ်ကြည့်ဖို့ အခွင့်အရေးမရှိခဲ့ဘူးဆိုတော့ ကိုယ့်ဘဝအခြေအနေကိုလည်း မသိခဲ့ဘူး။ ကျောင်းမှာလည်း ကိုယ့်တာဝန်ကိုယ်ကျေဖို့၊ ဆရာက အိမ်စာပေးရင် ပြီးအောင်လုပ်ဖို့ပဲ စိတ်ဝင်စားတာ။ ဆရာခိုင်းတာ မလုပ်ရင် ကျွန်တော် အရိုက်ခံရမှာဆိုတော့ တခြားကျောင်းသား ကျောင်းသူတွေရှေ့မှာ ကျွန်တော် အရှက်မကွဲချင်ဘူး။ မြန်မာနိုင်ငံမှာက ဖြန့်ထွက်

တွေးခေါ်ခြင်းကို အားမပေးဘူး။ ဖြန့်ထွက်တွေးခေါ်ဖို့ ကြိုးစားလိုက်တာနဲ့ အစိုးရကို ဝေဖန်မှုက စတော့တာပဲ။

အစိုးရက သတင်းစာတော့ ထုတ်ပါရဲ့။ ဒါပေမဲ့ သတင်းစာထဲမှာ ပါတဲ့သတင်းတွေက သူတို့ကောင်းတဲ့ အကြောင်းတွေပဲ ပါတယ်။ သူတို့ တံတားဆောက်တာတို့၊ လမ်းဖောက်တာတို့ပဲ။ သတင်းစာကို ကျွန်တော်တို့ နေ့တိုင်းဖတ်ပါတယ်။ ဒါပေမဲ့ ဘာအနှစ်သာရမှ မပါသလို၊ ဘာဗဟုသုတမှလဲ မရပါဘူး။ ကျွန်တော်တို့ကတော့ တောက်လျှောက်ကို ရှန်းကန်နေခဲ့ ကြရတာပါပဲ။ အစိုးရက ပြည်ပသတင်းတွေ အကုန်လုံးကို ပိတ်ပင်ထားတာ။ အကောင်းနဲ့အဆိုးကိုလည်း ကျွန်တော်တို့ နှိုင်းယှဉ်မကြည့်နိုင်တော့ ကောင်းနေသလား ဆိုးနေသလားဆိုတာ မသိတော့ဘူး။ ကိုယ့်အခြေအနေပဲ ကိုယ်သိတော့တယ်။ မြန်မာနိုင်ငံမှာ လူအများစုက အစိုးရကောင်းလား ဆိုးလား ဆိုတာ မခွဲခြားနိုင်ကြဘူးဗျ။ ဘယ်ဟာက မှန်တယ် ဘယ်ဟာက မှားတယ်ဆိုတာလည်း သူတို့မသိကြဘူး။ တခြားနိုင်ငံတွေက ပြည်သူတွေရဲ့ လူနေမှုဘဝတွေကို မမြင်မသိရတော့ မသိကြတော့ဘူး။ ကျွန်တော်တို့မှာ ခေါင်းရှိပေမဲ့ စဥ်းစားနိုင်တဲ့ ဦးနှောက်တော့ မဟုတ်ဘူး။

နယ်စပ်ဒုက္ခသည်စခန်းမှာ ကျောင်းဆက်တက်လို့ရတယ်ကြားလို့ ကျွန်တော့်အသက် ဆယ့်ခြောက်နှစ်မှာ ရွာကနေ ထွက်လာခဲ့တယ်။ ကျွန်တော်တို့ရွာကို KNLA (ကရင်အမျိုးသားလွတ်မြောက်ရေးတပ်)မှာ စစ်သားလုပ်ခဲ့ဖူးတဲ့ ကျွန်တော့်သူငယ်ချင်းအစ်ကိုရောက်လာတော့ အဲဒီအစ်ကိုက ပြောတယ်။ ကျွန်တော့်လို အသက်ငယ်ရွယ်သေးတဲ့ လူငယ်တွေ ထိုင်းနိုင်ငံထဲက နယ်စပ်ဒုက္ခသည်စခန်းမှာ အဖွဲ့အစည်းအထောက်အပံ့နဲ့ ကျောင်းဆက်တက်လို့ရတယ်တဲ့။ သူ ပြောတာက ဆရာဝန် (သို့မဟုတ်) ကျန်းမာရေးမှူး ဖြစ်တဲ့အထိ ကျွန်တော် စာဆက်

သင်ချင်တယ်ဆိုရင်တောင် သင်လို့ရတယ်တဲ့။

ကျွန်တော်လည်း အရမ်းစိတ်ဝင်စားသွားတယ်။ ကျွန်တော်ကျောင်းဆက်တက်ချင်တယ်။ ကျောင်းတက်ပြီးရင် ကျွန်တော့်ရွာပြန်ပြီး ရွာသားတွေကို အကူအညီပေးချင်တယ်။

ဒုက္ခသည်စခန်းကို တွေ့လိုက်ရတဲ့အခါ ကျွန်တော့်အတွက် မျှော်လင့်ချက်တွေရှိမယ်၊ ကျွန်တော့် စိတ်ကူးအိပ်မက်တွေကို စအကောင်အထည်ဖော်နိုင်တော့မယ်လို့လည်း ယုံကြည်ခဲ့မိတယ်။

ဒုက္ခသည်စခန်းရောက်မှ မြန်မာနိုင်ငံက တိုင်းရင်းသားလူမျိုးစုံ၊ ဘာသာပေါင်းစုံ နေရာတစ်နေရာတည်းမှာ အတူတကွရှိနေတာ ပထမဆုံး အကြိမ် ကျွန်တော် မြင်ဖူးတာ။ စခန်းထဲမှာ လူတွေပြောကြတဲ့ ဘာသာ စကားလည်း မတူဘူး။ စဥ်းစားပုံခြင်းလည်း မတူကြဘူး။ ကျွန်တော် စိတ်ရှုပ်ထွေးရတယ်။ အစပိုင်းမှာ ကျွန်တော်နဲ့မတူတဲ့သူတချို့ကို ကျွန်တော် မုန်းတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ တခြားလူတွေကို ဖြည်းဖြည်းချင်း နားလည်လာတယ်။ အဲဒီနောက် ကျွန်တော်တို့အလုပ်အတူလုပ်တယ်၊ အတူစားတယ်။ ပြီးတော့ ငြိမ်းချမ်းစွာ အတူနေထိုင်ကြတယ်။

ဥပမာ ဒုက္ခသည်စခန်းထဲမှာနေတုန်းက KNLA ကို ထောက်ခံတဲ့သူတွေနဲ့ ကျွန်တော် မိတ်ဖွဲ့တယ်။ သူတို့ခံစားချက်ကို ကျွန်တော် သိချင်ကြားချင်လို့ဗျ။ သူတို့မှာ အဲဒီခံစားချက်တွေ ရှိနေတာက စစ်အစိုးရက အနိုင်ကျင့်နှိပ်စက်တာကို သူတို့ခံစားခဲ့တာကြောင့်။ အဲဒါကြောင့် စစ်အစိုးရကို သူတို့ ကလဲ့စားချေချင်ကြတယ်။ စစ်အစိုးရကို လက်နက်ကိုင်ပြီး တိုက်ပွဲဝင်နေတဲ့သူတွေကို သူတို့ ဘာကြောင့် ထောက်ခံအားပေးချင်တာလဲဆိုတာ အခုတော့ ကျွန်တော် နားလည်ပြီ။ ကျွန်တော့်ဘဝ

တစ်လျှောက်လုံးနီးပါး ကျွန်တော်တို့ရွာက အဖြူရောင်နယ်မြေထဲမှာပါ တော့ အစိုးရက ရွာသားတွေကို သတ်တာ ဖြတ်တာလည်း မရှိ၊ ပြင်းပြင်းထန်ထန် ဖိနှိပ်တာလည်း မရှိခဲ့ဘူး။ ဒါပေမဲ့ အမဲရောင်နယ်မြေ တွေမှာတော့ အစိုးရက ပြည်သူတွေကို အခမ့လုပ်အားပေး စေခိုင်းရုံ၊ ပစ္စည်းတွေ လုယက်ယူငင်ရုံတင်မဟုတ်ဘူး လူကိုပါ သတ်ပစ်တာ။ အစိုးရက တစ်နိုင်ငံလုံး နေရာအနှံ့မှာ ပြည်သူတွေအပေါ် ဖိနှိပ်တယ်။ ဒါပေမဲ့ တစ်နေရာနဲ့တစ်နေရာ ဖိနှိပ်တဲ့ပုံစံက မတူဘူး။ အဲဒီအကြောင်း တွေ ကြားရတော့ စစ်အစိုးရကို အရမ်းဒေါသထွက်သလို တော်တော် လည်း စိတ်မကောင်း ဖြစ်မိတယ်။

၂၀၁၀ ရွေးကောက်ပွဲအပြီးမှာ ဘယ်သူ့ကို သမ္မတ လုပ်ခိုင်းမယ်ဆို တာ ဦးသန်းရွှေက ရွေးထားပြီးသား။ ရွေးကောက်ပွဲလုပ်တာကလည်း နိုင်ငံတကာအသိုင်းအဝိုင်းကို ပြချင်လို့သာလုပ်တာ။ စစ်အစိုးရက ဒီ အတိုင်း လုပ်နေကျပဲ။ လူထုဆန္ဒခံယူပွဲလို၊ ညီလာခံလို ကျင်းပမယ်။ တိုင်းရင်းသားတွေကိုလည်း လာတက်ခိုင်းမယ်။ ဒါပေမဲ့ တိုင်းရင်းသား တွေရဲ့ အမြင်သဘောထားတွေကို ဘယ်တုန်းကမှ သူတို့အရေးမထား သလို၊ အသုံးလည်း မပြုပါဘူး။ တက်ခိုင်းတာကလည်း 'ကျွန်တော်တို့ ညီလာခံကို တိုင်းရင်းသားတွေလည်း လာတက်တယ်၊ တိုင်းရင်းသား တွေ သဘောထားလည်း ပါတယ်' ဆိုပြီး နိုင်ငံတကာအသိုင်းအဝိုင်းကို ပြချင်တာ သက်သက်ပါပဲ။ ရွေးကောက် ပွဲကလည်း အဲဒီအတိုင်းပါပဲ။ ရွေးကောက်ပွဲ လုပ်တော့လုပ်မယ်၊ ဒါပေမဲ့ အစစအရာရာ သူတို့ ထိန်းချုပ်ကြလိမ့်မယ်။

တိုင်းရင်းသားလူမျိုး ပေါင်းစုံလည်းရှိပြီး၊ အစိုးရကလည်း တိုင်းရင်းသားတိုင်းကို လုပ်ပိုင်ခွင့်အာဏာပေးထားတဲ့ နိုင်ငံမှာ ကျွန်တော် နေချင်တယ်။ သီးခြားလွတ်လပ်တဲ့ ကရင်ပြည်နယ်

သို့မဟုတ် သီးခြား မွန်ပြည်နယ်ဆိုတာလို ပြည်နယ်တစ်ခုချင်းစီ ခွဲထွက်ပြီး လွတ်မြောက်တာမျိုး ကျွန်တော် မလိုချင်ဘူး။ ကျွန်တော်တို့နိုင်ငံမှာ အစိုးရတစ်ခုပဲ လိုချင်တယ်။ ဒါပေမဲ့ အဲဒီအစိုးရက တိုင်းရင်းသားတွေနဲ့ အာဏာခွဲဝေသုံးတဲ့ အစိုးရတော့ ဖြစ်ရမှာပေါ့။

ကျွန်တော့်အမြင်ပြောရရင်တော့ မြန်မာနိုင်ငံ ဒီမိုကရေစီရဖို့ အလှမ်းဝေးနေသေးတယ်။ ဖိနှိပ်အနိုင်ကျင့်ခံခဲ့ရတဲ့လူတွေဘက်က ခွင့်လွှတ်ပေးနိုင်ကြဖို့ လိုတယ်လို့ ကျွန်တော် ထင်တယ်။ ခွင့်လွှတ်နိုင်ပြီဆိုရင် အခြေအနေက ပြောင်းသွားမယ်။ ပြီးတော့ ကျွန်တော်တို့အချင်းချင်း သဘောထားကွဲပြီး မညီညွတ်ဘဲ တစ်ဖက်နဲ့တစ်ဖက် တိုက်နေမယ်ဆိုရင် အစိုးရက ကျွန်တော်တို့ကို လွယ်လွယ်ကူကူ ထိန်းချုပ်ထားနိုင်မယ်။ ဒီလိုမညီညွတ်အောင်လုပ်ပြီး အုပ်ချုပ်တဲ့နည်းက အစိုးရကျင့်သုံးနေကျနည်းနာပဲ ဖြစ်တယ်။

မြန်မာစစ်တပ်ထဲမှာ ကလေးစစ်သားတွေ အများကြီးရှိတယ်။ ကျွန်တော် သူတို့နဲ့တွေ့ပြီး စကားပြောကြည့်ချင်တယ်။ သူတို့နဲ့ သူငယ်ချင်းလည်း ဖြစ်ချင်တယ်။ တစ်နေ့မှာ လူကြီးတွေမရှိတော့တဲ့အခါ မြန်မာနိုင်ငံမှာ လူငယ်တွေ လက်တွဲပြီးလုပ်ကြရမှာ။ မျိုးဆက်သစ်လူငယ်တွေ ဦးဆောင်ပြီး မြန်မာနိုင်ငံမှာ အပြောင်းအလဲဖြစ်လာဖို့ လုပ်နိုင်ကြလိမ့်မယ်လို့ ကျွန်တော် ထင်တယ်။ တိုင်းရင်းသားလူငယ်တွေ၊ မြန်မာလူငယ်တွေ၊ စစ်တပ်ထဲက မျိုးဆက်သစ်တွေနဲ့ ရဟန်းပျိုတွေ အားလုံးလက်တွဲပြီး လုပ်ကြလိမ့်မယ်။ စစ်အစိုးရလက်အောက်မှာ တိုင်းရင်းသားပြည်သူအားလုံး ခါးစည်းခံခဲ့ကြရတဲ့ ဒုက္ခတွေကို မျိုးဆက်သစ်လူငယ်တွေ သင်ခန်းစာယူကြပြီး၊ ကိုယ့်အတွက်ပဲ မလုပ်ဘဲ အများအကျိုးအတွက် လုပ်ကိုင်နိုင်ကြလိမ့်မယ်။ ပြီးတော့ လူငယ်တွေဟာ သူတို့ရဲ့စိတ်ကူးတွေကို တစ်ယောက်နဲ့တစ်ယောက် ပြောပြကြ

ပြီး တူညီတဲ့ပန်းတိုင်ကို ရှာဖွေကြလိမ့်မယ်။ လူအများစုတွေ တစ်ဦးနဲ့ တစ်ဦး အပြန်အလှန်နားလည်မှုရှိတဲ့အခါမှာ ငြိမ်းချမ်းရေးဆိုတာ ဖြစ်ပေါ်လာမယ်လို့ ကျွန်တော် ထင်တယ်။

မြန်မာတွေ ဒီစာအုပ်ကိုသာ ဖတ်ခွင့်ရရင် သူတို့ဟာ အထီးကျန် မဟုတ်ဘူး၊ သူတို့ချည်း ရုန်းကန်နေရတာ မဟုတ်ဘူး၊ တခြားသူတွေလည်း သူတို့လိုပဲ ရုန်းကန်နေကြရတယ်ဆိုတာ သိလာကြလိမ့်မယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ တခြားအရပ်ဒေသကလူတွေ ဒီစာအုပ်ကို ဖတ်ခွင့်ရရင် ကရင်ပြည်နယ်ထဲက ပြည်သူတွေလည်း သူတို့နည်းတူ အဖိနှိပ်ခံနေကြရတယ်၊ ဒုက္ခရောက်နေကြရတယ်။ အသတ်ခံရလို့ သေဆုံးတာတွေတောင်ရှိတယ်ဆိုတာ သူတို့ သိခွင့်ရကြလိမ့်မယ်။ မြန်မာနိုင်ငံက ပြည်သူတွေမှာ သူတို့ရင်ဆိုင်ရတဲ့ အခက်အခဲတွေရှိပေမဲ့ တခြားသူတွေရဲ့ဒုက္ခအခက်အခဲကို သိပ်မသိကြဘူး။ အဲဒါကြောင့် မြန်မာနိုင်ငံသားတွေ ဒီစာအုပ်ကို ဖတ်သင့်တယ်။ ဒီစာအုပ်ကို ဖတ်ပြီး သူတို့အနေနဲ့ တစ်ဖက်သားကို သည်းခံခွင့်လွှတ်စိတ်၊ သူတစ်ပါးကို တစ်ခုခုမဝေဖန်ခင် အဲဒီလူတွေအကြောင်း အရင်ဆုံး နားလည်အောင် ကြိုးစားတဲ့စိတ်၊ နားလည်မှုပေးနိုင်တဲ့စိတ်တွေ ပေါ်လာစေချင်တယ်။ အကောင်းမြင်တတ်တဲ့ လူတွေ ဖြစ်စေချင်တာပါ။ လူတွေမှာ မျှော်လင့်ချက်ထားဖို့လည်း အရမ်းကို အရေးကြီးတယ်။ မျှော်လင့်ချက်ရှိမှ ခိုင်မာတဲ့ ဆုံးဖြတ်ချက်နဲ့အတူ ခရီးလမ်းဆုံး ပန်းတိုင်ရောက်တဲ့အထိ ဆက်ကြိုးစားမယ်။

နိုင်ငံခြားသားတွေက မြန်မာတွေကို ခုထက်ပိုပြီး ပညာရေးပိုင်းမှာ ကူညီကြမယ်၊ အားပေးကြမယ်ဆိုရင် မြန်မာနိုင်ငံအတွက် အလားအလာ ပိုကောင်းမယ်။ အချိန်တော့ ကြာကောင်းကြာမှာပေါ့၊ ဒါပေမဲ့ လူငယ်တွေကို လွတ်လွတ်လပ်လပ် တွေးခေါ်စဉ်းစားနိုင်တဲ့သူ

တွေအဖြစ် သင်ကြားပေးနိုင်ရင် စစ်အစိုးရကို ကျွန်တော်တို့ ဖြုတ်ချနိုင်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

*

# အေးမောင်

အသက် ၃၄ နှစ်။

အကျဥ်းသားဟောင်းနှင့်နအဖအစိုးရစစ်တပ်၏

ပေါ်တာဆွဲခြင်းကို ခံခဲ့ရသူ။

တိုင်းရင်းသား - ချင်း။

မွေးဖွားရာဒေသ - ချင်းပြည်နယ်၊ မြန်မာနိုင်ငံ။

အေးမောင်

မြန်မာနိုင်ငံမှာ ရတ်တရက် ဖမ်းဆီးထောင်ချခံရပြီး အစိုးရစစ်တပ်အတွက် ပေါ်တာ(အထမ်းသမား)အဖြစ် အစေမွခိုင်းစေမခံရခင်က အေးမောင်ဟာ ခရစ်ယာန်သင်းအုပ်ဆရာဖြစ်ဖို့ ကျောင်းတက်နေခဲ့ပါတယ်။ လုံခြုံမှုမရှိဘဲ မသေချာမရေရာတဲ့ အခြေအနေမှာ မိသားစုနဲ့အတူ နေနေတဲ့ အေးမောင်ကို မလေးရှားနိုင်ငံမှာ ကျွန်မတို့ တွေ့ခဲ့ရတယ်။ သူဟာ တတိယနိုင်ငံမှာ ရွှေ့ပြောင်းအခြေချ နေထိုင်နိုင်ဖို့ စောင့်မျှော်လျက်ရှိတယ်။ ချင်းလူမျိုးတွေ တည်ထောင်ထားကြတဲ့ ချင်းတိုင်းရင်းသား ဒုက္ခသည်ဂေဟာမှာ သူနဲ့ကျွန်မတို့ အတူထိုင်ပြီး စကားပြောခဲ့ကြတယ်။ ဒုက္ခသည်ဂေဟာကလေးကို ကွာလာလမ်ပူရဲ့ တောက်ပတဲ့ ပက်တိုးနား မျှော်စင်အဆောက်အဦကြီးတွေက အရိပ်ထိုး အုပ်မိုးထားတယ်။

ဒုက္ခသည်ရုံးထဲကို ရောက်ဖို့ ဆိုင်းဘုတ်တပ်မထားတဲ့ ဝင်ပေါက်ကနေ ဝင်ပြီး၊ ကျဉ်းမြောင်းတဲ့ ကြောင်လိမ်လှေကားအတိုင်း တက်သွားရတယ်။ ရုံးထဲမှာတော့ ချင်းပြည်နယ်က မကြာခင်ကမှ အသစ်ရောက်လာတဲ့ ဒုက္ခသည်အမြောက်အများက အကြံဉာဏ်တွေ အကူအညီတွေတောင်းဖို့ ရောက်နေကြတာနဲ့ လူပ်ရှားအသက်ဝင်လျက် ရှိနေတယ်။

*

တစ်ညမှာတော့ ထောင်ဝါဒါတစ်ယောက်ရောက်လာပြီး ကျွန်တော့်ကို အချုပ်ခန်းထဲကနေ အပြင်ထွက်ခဲ့ဖို့ အော်ပြောတယ်။ ကျွန်တော် အချုပ်ခန်းအပြင်ဖက်ရောက်တော့ တခြားအကျဉ်းသားတွေနဲ့အတူ တန်းစီခိုင်းတယ်။ ပြီးတော့ ကျွန်တော်တို့ကို တစ်ယောက်ချင်းစီ အတန်းလိုက် သံကြိုးနဲ့ချည်ပြီး၊ ဘာစကားမှမပြောဘဲ စစ်ကားပေါ်တင်တယ်။ ဒါပေမဲ့ အဲဒီညက ကျွန်တော်တို့ကို ခေါ်ပြီဆိုကတည်းက ကျွန်တော်တို့ကို ပေါ်တာလုပ်ခိုင်းတော့မယ်ဆိုတာ သိလိုက်ပြီလေ။ ပေါ်တာပါသွားတဲ့ လူအများစုက သေပြီး ကျန်ရစ်ခဲ့ကြတယ်ဆိုတာ ကျွန်တော်တို့ ကြားဖူးထားတော့ မကြောက်ဘဲ နေမလားဗျာ။ ပိုက်ဆံရှိတဲ့ အကျဉ်းသားတွေပဲ ရှေ့တန်းကို ပေါ်တာအဖြစ် ခေါ်သွားတာ မခံရအောင် တာဝန်ရှိသူတွေကို ပေးနိုင်ကမ်းနိုင်တာလေ။

အစိုးရမှာ ပိုက်ဆံသာ များများမရှိတာ၊ အကျဉ်းသားတော့ ရှိတယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့ကို အစိုးရစစ်တပ်အတွက် ပေါ်တာအဖြစ် ခိုင်းဖို့ မခက်ဘူး။ ကျွန်တော်တို့ သေသွားရင် သူတို့အတွက် ဘာမှဆုံးရှုံး

တာ မဟုတ်ဘူး။ ဒါပေမဲ့ သူတို့ပစ္စည်းတွေသယ်ဖို့ မြင်းတွေ လေယာဉ်ပျံတွေသုံးလို့ မြင်းသေတာပဲ ဖြစ်ဖြစ်၊ လေယာဉ်ပျက်တာပဲဖြစ်ဖြစ် သူတို့ပိုက်ဆံ ဆုံးရှုံးမယ် မဟုတ်လား။ အကျဉ်းသားတစ်ယောက်ကို ထောင်ထဲကထုတ်ပြီး ပေါ်တာအဖြစ် ခိုင်းစေဖို့အတွက်က အရမ်းလွယ်ကူတယ်။ နအဖအစိုးရက အဲဒီလို စဉ်းစားတာဗျို့။

ကျွန်တော်တို့ကို အဲဒီညမှာပဲ မြန်မာနိုင်ငံ အရှေ့တောင်ဘက်မှာရှိတဲ့ ပလောမြို့ကို ပို့လိုက်တယ်။[၂] ပလောက KNU နယ်မြေထဲမှာဗျ။ [၃] ကျွန်တော်တို့အုပ်စုမှာ စစ်သားက ၂၅၀၊ ပေါ်တာက ၁၈၅ ယောက်ပါတယ်။ စစ်သားတွေထဲမှာ အများစုကတော့ ဗမာတွေ။ အယောက်သုံးဆယ်လောက်က တိုင်းရင်းသားလူမျိုးစုတွေလို့ ကျွန်တော်ထင်တယ်။ ပေါ်တာအထမ်းသမားတွေကတော့ အများစုက တိုင်းရင်းသားတွေပဲ။ ရိုဟင်ဂျာ၊ ကရင်၊ ရခိုင်နဲ့ ကျွန်တော့်လို ချင်း ၂ ယောက်လည်း ပါတယ်။

(၂)-ပလောက မြန်မာနိုင်ငံတောင်ဘက် အစွန်ဆုံးအပိုင်းဖြစ်တဲ့ တနင်္သာရီတိုင်းထဲက ကပ္ပလီပင်လယ်နဲ့ ထိကပ်နေတဲ့မြို့လေးတစ်မြို့ပါ။

(၃)-ကရင်အမျိုးသားအစည်းအရုံး (KNU) သည် ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ကရင်လူမျိုးများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် တိုက်ပွဲဝင်နေသော လက်နက်ကိုင်အဖွဲ့ဖြစ်တယ်။ ၁၉၄၉ ခုနှစ်တွင် စတင်ခဲ့သည့်ကေအန်ယူနှင့်ဗမာအစိုးရစစ်တပ်တို့အကြား စစ်ပွဲသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း သက်တမ်းအကြာရှည်ဆုံး စစ်ဖြစ်တယ်။ ဇန်နဝါရီလ ၁၂၊ ၂၀၁၂ မှာ ကေအန်ယူနဲ့မြန်မာအစိုးရတို့အကြား အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်ပူးတွဲ ရေးဆွဲခဲ့ကြပါတယ်။ ဒီလိုအပစ်ရပ်ရေးသဘောတူညီချက်မှာ ၆၃ နှစ်ကာလအတွင်း

ပထမဦးဆုံးသော ညှိနှိုင်းဆောင်ရွက်ရေးတစ်ခု ဖြစ်ပါတယ်။

၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှာ ပလောကနေ ကျွန်တော်တို့ ခြေလျင်ခရီး စထွက်ခဲ့ကြတယ်။ နယ်စပ်ကနေ ခြေလျင်လျှောက်ရင် နှစ်ရက်ဝေးတဲ့ အစိုးရစစ်စခန်းတစ်ခုဆီကို လျှောက်ကြရတာ။ ညနေ ၃ နာရီဝန်းကျင်မှာ ကျွန်တော်တို့ စထွက်ခဲ့ကြပြီး၊ လမ်းဘေးနား ရွာတစ်ရွာမှာ ညအိပ်ကြတယ်။ နောက်တစ်နေ့မနက်ကျတော့ ဆက်လျှောက်ခဲ့ကြတယ်။ ချောင်းရိုးအတိုင်း ကျွန်တော်တို့ လျှောက်ကြတယ်။ ဒါပေမဲ့ လမ်းမရှိတော့ သွားရတာ ခက်ခဲတယ်။ တစ်ခါတစ်လေ ပေါ်တာတချို့က ရှေ့ကနေ လမ်းရှင်းပေးရတယ်။ အဲဒီလမ်းအတိုင်း ကျွန်တော်တို့က နောက်ကနေ လိုက် လျှောက်ကြရတာပေါ့။ ကျွန်တော်တို့ သယ်ရတဲ့ ပစ္စည်းတွေက အများကြီးပဲ၊ စက်သေနတ်တွေ၊ ကျည်ဆံတွေ၊ ပြီးတော့ စစ်သားအားလုံးအတွက်နဲ့ ကျွန်တော်တို့အတွက် စားနပ်ရိက္ခာတွေ။

တချို့ စက်သေနတ်တွေက ကြီးလွန်းလို့ လူရှစ်ယောက် သယ်ရတယ်။ ကျွန်တော်တို့က သင်တန်းတက်ထားကြတာ မဟုတ်တဲ့အပြင် အနားယူခွင့်လည်း မပေးဆိုတော့ တချို့ပေါ်တာတွေဆို ခံနိုင်ရည်မရှိဘူး။ တကယ်လို့ ပေါ်တာတစ်ယောက်က လမ်းဆက်မလျှောက်နိုင်တော့ဘူးဆိုရင် စစ်သားတွေက သူ့ကိုသတ်လိုက်ကြတာ။ သူတို့က ဘယ်အကျဉ်းသားကိုမှ အသက်ရှင်လျက်နဲ့ ချန်မထားခဲ့ချင်ဘူး။

ပေါ်တာတစ်ယောက်က ခွင့်ပြုချက်မရဘဲ အနားယူဖို့ကြံရင် သူ့ကို စစ်သားတွေက သေနတ်တွေနဲ့ ထုရိုက်ကြတယ်။ လမ်းဆက်မလျှောက်နိုင်တော့တဲ့အထိ ပြင်းပြင်းထန်ထန် ရိုက်နှက်ကြတယ်။ ပြီးရင် သေခါနီးဖြစ်နေတဲ့ အဲဒီပေါ်တာကို အဲဒီနေရာမှာပဲ စွန့်ပစ်ခဲ့ကြတာ။ မကြာခင် အဲဒီပေါ်တာ သေမှာပဲလေ။ လူတွေ တစ်ယောက်ပြီးတစ်

ယောက် သေနေကြတာပေါ့ဗျာ။ ကျွန်တော့်သူငယ်ချင်းတွေ တစ်ယောက်ပြီးတစ်ယောက် သေကြတာပေါ့။

*

ချောင်းလေးထဲမှာ ကျွန်တော်တို့ ငါးမျှားသွားနေကြ

ချင်းပြည်နယ်မှာ ကျွန်တော်ကြီးပြင်းခဲ့တာ။ ကျွန်တော်တို့မြို့မှာ လူတွေအားလုံးက ခရစ်ယာန်တွေ၊ အများစုက နှစ်ချင်းခံကြသူတွေပေါ့။

ကျွန်တော်တို့မိသားစုက အဖေ၊ အမေနဲ့ ညီအစ်မ ၃ ယောက်နဲ့ ညီအစ်ကို ၁ ယောက်နဲ့ တစုတစည်းတည်း ပျော်ပျော်ရွှင်ရွှင်နေကြတာ။ အဖေက အစိုးရရုံးစာရေး၊ လခက တစ်လ ကျပ်တစ်ထောင်ရတယ်။ အဲဒီတုန်းက ခွဲတမ်းဆန်တစ်အိတ်ကို ကျပ်တစ်ထောင် ပေးရတယ်၊ ကျွန်တော်တို့မိသားစုက တစ်လ ဆန်နှစ်အိတ် ကုန်တယ်။ ပြီးတော့ ကျောင်းစရိတ်တွေနဲ့ တခြားလိုအပ်တာတွေလည်း ရှိသေးတယ်။ ကျွန်တော်တို့မှာ လယ်ရှိတယ်၊ ကျွန်တော်တို့မိသားစု စားဝတ်နေရေးအတွက် လယ်ကိုပဲ အားကိုးနေရတာ။ ကျွန်တော်တို့ စားဝတ်နေရေးအဲဒီလိုဖြေရှင်းကြရတယ်။ ကျွန်တော်တို့မြို့မှာရှိတဲ့ မိသားစုအများစုမှာ လယ်တွေရှိကြတယ်။ တချို့က ပြောင်း သို့မဟုတ် ဝါ၊ ဒါမှမဟုတ် စပါးစိုက်ကြတယ်။ ကျွန်တော်တို့က စပါးစိုက်တယ်။ ကျွန်တော် အသက်ဆယ်နှစ်အရွယ်ရောက်တော့ ကျွန်တော်တို့လယ်မှာ စပြီး ကူလုပ်ရတယ်။ လယ်လုပ်ရတာ အရမ်းပင်ပန်းပေမဲ့ ကျွန်တော်တို့လယ်က အရမ်းလှတယ်။ အဲဒီမှာ ချောင်းငယ်လေးလည်း ရှိတယ်၊ တောင်ကုန်း

တွေနဲ့ လျှိုမြောင်လေးတစ်ခုလည်း ရှိတယ်။ ချောင်းလေးထဲမှာ ကျွန်တော်တို့ ငါးမျှားသွားနေကြ။

ကျွန်တော်တို့မြို့လေးက သေးသေးလေးပဲ၊ အားလုံးကလည်း ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်နဲ့ အရမ်းကို ကောင်းမွန်တဲ့ ပတ်ဝန်းကျင် လေးတစ်ခုပါပဲ။ ကျွန်တော် အိပ်ပျော်နေတဲ့အချိန်တွေဆို တစ်ခါတစ် လေမှာ ကျွန်တော်တို့မြို့လေးနဲ့ ကျွန်တော့်တို့မိသားစုပိုင် လယ်ယာတွေ က ကျွန်တော့်အာရုံထဲကို ရောက်လာတယ်။ အခု ကျွန်တော် ခင်ဗျားကို ပြောပြနေတဲ့ အချိန်မှာတောင် ကျွန်တော့်အာရုံမှာ အဲဒါတွေ ပြန် ပေါ်လာတယ်။

*

စစ်တပ်က ကျွန်တော်တို့ကို ဘာပဲလုပ်ခိုင်းလုပ်ခိုင်း

ကျွန်တော်တို့မြို့ရှိတဲ့ ဒေသထဲမှာ အစိုးရစစ်တပ်စခန်းတစ်ခု ရှိ တယ်။ အစိုးရက ချင်းလူမျိုးတွေကို ဗုဒ္ဓဘာသာ ကူးပြောင်းစေချင်တော့ ချင်းပြည်နယ်မှာ အစိုးရစစ်တပ်ရှိတဲ့နေရာတိုင်းမှာ ဗုဒ္ဓဘာသာဝင် ဘုန်းကြီးတွေလည်း ရှိကြတယ်။ ကျွန်တော်တို့မြို့က ခရစ်ယာန်ဘာသာ ဝင်တွေနေတဲ့ မြို့ဆိုတော့ ဒီကိစ္စကို ရည်ရွယ်ချက်ရှိရှိနဲ့ကို သူတို့လုပ်ကြ တာဗျ။

သူတို့ စစ်တပ်ထဲမှာ အလုပ်လုပ်စရာရှိတိုင်း ကျွန်တော်တို့မြို့က လူ တွေကိုခေါ်ပြီး လုပ်ခိုင်းတယ်။ စစ်တပ်က လုပ်အားခ ပိုက်ဆံလည်း မ ပေးဘူး။ ထမင်းလည်း ဘယ်တော့မှ မကျွေးဘူး။ အလုပ်ခိုင်းစရာရှိရင်

စစ်တပ်က ဘယ်လိုပြောလဲဆိုတော့ 'ဒီနေ့ ငါတို့တပ်ထဲမှာ အလုပ်လုပ်ဖို့ လူအယောက်သုံးဆယ်လိုတယ်' ဒါပဲ။ အဲဒါဆိုရင် ရွာလူကြီး (သို့မဟုတ်) ရပ်ကွက်လူကြီးက စစ်တပ်ထဲမှာ အလုပ်သွားလုပ်ဖို့ လူသုံးဆယ် ပို့ပေးရတယ်။ ဘယ်သူမှ မလုပ်ချင်ဘူး မလုပ်နိုင်ဘူးလို့ ပြောခွင့်မရှိဘူး။ အကယ်၍ ခင်ဗျားက မလုပ်နိုင်ဘူးလို့ပြောရင် ခင်ဗျား အဖမ်းခံရမှာ။[၄]

ကျွန်တော် အသက်ဆယ့်ခုနှစ်နှစ်မှာ စစ်တပ်ထဲမှာ အလုပ်လုပ်ဖို့အတွက် အခမဲ့လုပ်အားပေးခေါ်တာကို စပြီးခံရတယ်။ တစ်ခါတစ်လေ ကျွန်တော် တပ်ဝင်းထဲမှာ လုပ်ရတယ်၊ တစ်ခါတစ်လေ လမ်းဖောက်တဲ့နေရာမှာ လုပ်ရတယ်။ တစ်ခါတစ်လေကျရင် လမ်းဖောက်တဲ့အလုပ်ခွင်မှာ တစ်ပတ်နေပြီး အလုပ်လုပ်ရတာလည်း ရှိတယ်။ တပ်ဝင်းထဲမှာ လုပ်ရတဲ့ အခါဆိုရင်တော့ နေ့ဖက်အလုပ်သွားလုပ်ပြီး ညဖက် ကိုယ့်အိမ်ကိုယ် ပြန်အိပ်ရတယ်။ ကျွန်တော်တို့ တစ်ခါတစ်လေကျရင် ချင်းပြည်နယ်ထဲမှာ နှစ်ရက် သုံးရက်ခရီး ပေါ်တာ လိုက်ရတာလည်း ရှိတယ်။ စစ်တပ်က ဘာခိုင်းခိုင်း လုပ်အားခလည်း တစ်ပြားမှမရဘဲနဲ့ သူတို့ ခိုင်းသမျှ ကျွန်တော်တို့အကုန် လုပ်ပေးကြရတယ်။ အဲဒါက တကယ့်ပြဿနာပဲလေ။

စစ်တပ်အတွက် လုပ်အားခငွေတစ်ပြားမှမရဘဲ လုပ်ပေးနေရတဲ့ အချိန်မှာ ကျွန်တော်တို့က စားဝတ်နေရေးနဲ့ ကျောင်းစရိတ်အတွက် ပူပင်နေရတာ။ အဲဒီတော့ ကျွန်တော်တို့ တော်တော်ဒေါသထွက်တယ်၊ ဒါပေမဲ့ ကျွန်တော်တို့မှာ ငြင်းဆိုခွင့်လည်း မရှိဘူး။ သူတို့ခိုင်းတာ မလုပ်ချင်ရင် ကျွန်တော်တို့မြို့ကနေ ထွက်ပြေးရမှာဆိုတော့ မချစ်သော်လည်း အောင့်ကာ နမ်းဆိုသလိုပဲ ကျွန်တော်တို့ စိတ်အရမ်းတိုကြပေမဲ့ မျက်နှာမှာတော့ ပြုံးထားရတာပေါ့ဗျာ။

တပ်မတော်သားတစ်ယောက်က ချင်းအမျိုးသမီးတစ်ယောက်ကို လက်ထပ်နိုင်ရင် အဲဒီတပ်မတော်သားကို တပ်မှာ ရာထူးတိုးပေးတယ်လို့ ကျွန်တော်ကြားဖူးတယ်။ သူ့ကို ဘာလို့ရာထူးတိုးပေးလဲဆိုတော့ လက်ထပ်ပြီးရင် သူ့မိန်းမကို သူက ဗုဒ္ဓဘာသာထဲကို ပြောင်းခိုင်းတာ။ မြန်မာအစိုးရက မြန်မာနိုင်ငံမှာ ဘာသာစကားလည်းတစ်မျိုး၊ ကိုးကွယ်တဲ့ဘာသာလည်းတစ်ခုပဲ ရှိစေချင်တာ။ ဒါပေမဲ့ ကျွန်တော်တို့က ခရစ်ယာန်ဘာသာဝင်တွေလေဗျာ။ ပြီးတော့ ချင်းပြည်နယ်မှာ အစိုးရကောလိပ်ရော တက္ကသိုလ်ကျောင်းရော တစ်ခုမှ မရှိဘူးဗျ။ ကျွန်တော်တို့က ခရစ်ယာန်တွေဖြစ်နေလို့ ဒီလိုလုပ်တယ်လို့ ထင်တာပဲ။

(၄)-မြန်မာနိုင်ငံမှာ ကျေးလက်နေပြည်သူလူထုများ အလုပ်ညှဲ့ကျအစမ့္မလုပ်အားပေး စေခိုင်းခံရတဲ့ကိစ္စကို နိုင်ငံတကာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်က စနစ်တကျ မှတ်တမ်းတင်ထားပါတယ်။

ကျမ်းစာဘာသာသင်ယူဖို့ တက္ကသိုလ်တက်တော့ ကျွန်တော် ရန်ကုန်ကို သွားတက်ခဲ့ရတယ်။ ကျွန်တော့်မိဘတွေက ကျွန်တော့်ကို ပညာတတ် တစ်ယောက်ဖြစ်စေချင်တော့ အဲဒီတုန်းကဆို အဖေတို့အမေတို့ အရမ်းပျော်ကြတယ်။ ရန်ကုန်ကို ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်းနဲ့ အတူတူသွားကြတာ၊ အဲဒီလိုသွားရတဲ့အတွက် ကျွန်တော်တို့ အရမ်းပျော်ပြီး အရမ်းလည်း ဂုဏ်ယူခဲ့ ကြတာပေါ့။ ရန်ကုန်ရောက်တော့ ရန်ကုန်မြို့ကြီး ဘယ်လောက်ကြီးတယ်ဆိုတာ ကျွန်တော်တို့ တွေ့ရတယ်။ ကျွန်တော်တို့စိတ်ထဲကတော့ ထူးဆန်းနေပြီး၊ ငါတို့က တောသားတွေပဲဟ။ ဒါကြောင့်လည်း ဒီလောက်ကြီးကျယ်တဲ့ မြို့ကြီးမျိုး ငါတို့တစ်ခါမှ မတွေ့ဖူးကြတာပေါ့လို့ စဥ်းစားနေကြတာပေါ့။ ကျွန်တော်တို့အတွက်တော့ ရန်ကုန်က တကယ်ကို ထူးဆန်းအံ့ဩဖွယ်ရာပဲ။ အဆောက်အဦအကြီးကြီးတွေနဲ့ လမ်းတွေမှာလည်း ကား

တွေနဲ့ ပြည့်နေတာကိုး။ ကျွန်တော်တို့အတွက် ရန်ကုန်က ကမ္ဘာပေါ်မှာ အကြီးဆုံးမြို့ကြီးလို ခံစားရတာပေါ့။

*

ကျွန်တော်တို့ငယ်ငယ်ကဆို

ဒါ မဖြစ်နိုင်ဘူးလို့ ထင်ခဲ့ကြတယ်

အဖေက အစိုးရရုံးစာရေးအလုပ်က အနားယူပြီးတဲ့နောက်မှာ NLD ပါတီဝင်ဖြစ်လာတယ်။ [၅] အဖေ နိုင်ငံရေးလုပ်ပေမယ့် ကျွန်တော်က နိုင်ငံရေးနဲ့ မပတ်သက်ခဲ့ပါဘူး။ ကျွန်တော်တို့ငယ်ငယ်ကဆို မြန်မာနိုင်ငံမှာ အစိုးရ အပြောင်းအလဲဖြစ်ဖို့က ဖြစ်နိုင်ချေမရှိဘူးလို့ ထင်ကြတာ။ ဒေါ်အောင်ဆန်းစုကြည်ပြောတဲ့ စကားတွေက အမြဲတမ်း ကောင်းပါတယ်၊ ဒါပေမဲ့ ကျွန်တော့်လို လူငယ်တစ်ယောက်အတွက် တော့ သူ ပြောတာတွေ မဖြစ်လာနိုင်ဘူးလို့ ထင်ရတယ်။ စစ်တပ်မှာ လက်နက်ရှိတယ်၊ အာဏာရှိတယ်၊ ဒါပေမဲ့ စစ်တပ်ကိုဆန့်ကျင်နေတဲ့ ဘက်မှာ လက်နက်လည်းမရှိ၊ အာဏာလည်းမရှိဘူးဆိုတာ ကျွန်တော် တို့ သိနေမြင်နေကြတယ်လေဗျာ။ လက်နက်မရှိ၊ အာဏာမရှိဘဲနဲ့ ဒီ စစ်တပ်ကို ဘယ်လိုလုပ်ပြီး အနိုင်ယူနိုင်မှာလဲ။ အရမ်းခက်ခဲတယ်လေ၊ ဖြစ်နိုင်ခြေမရှိသလောက်ဘဲ မဟုတ်လား။ ကျွန်တော့်လိုသာမန်လူတွေ အတွက် ကတော့ အန်အယ်လ်ဒီနိုင်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူးလို့ ထင် ကြတယ်ခင်ဗျ။ ဒါမှမဟုတ် ကျွန်တော်တို့က မြန်မာနိုင်ငံမှာ နေနေပေမဲ့ မြန်မာ့နိုင်ငံရေးကို နားမလည်တာလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။

ကျွန်တော့်ဒေသမှာတော့ ကျွန်တော်တို့ အဲ့လိုပဲ ထင်ကြတယ်။

(၅)-၁၉၈၈ လူထုအုံကြွမှုအပြီးမှာ နိုင်ငံရေးပါတီဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ) (NLD) ကို မြန်မာနိုင်ငံမှာ စတင်ထူထောင်ခဲ့ပြီး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က ပါတီကို ဦးဆောင်တယ်။ အန်အယ်လ်ဒီက ၁၉၉၀ ရွေးကောက်ပွဲမှာ မဲအပြတ်အသတ် အနိုင်ရရှိခဲ့တယ်။

ဘာသာရေးအထူးပြု(ဓမ္မဗေဒပညာ)နဲ့ ကျွန်တော် ဘွဲ့ယူခဲ့တယ်။ ဆက်ပြီး ခရစ်ယာန်ဘာသာရေးပညာ မဟာဘွဲ့အတွက် ကျောင်းတက်တယ်။ ကျွန်တော် နိုင်ငံရေးနဲ့မပတ်သက်ပေမဲ့ ပထမနှစ်ရဲ့ နွေရာသီကျောင်းပိတ်ရက်မှာပဲ အဖမ်းခံလိုက်ရတယ်။ ကျွန်တော့်ကို ဖမ်းစရာဘာအကြောင်းမှ မရှိပေမယ့် စစ်အစိုးရက နိုင်ငံထဲမှာ ဒီအတိုင်းပဲ လုပ်ချင်ရာလုပ်နေကျ။ ကျွန်တော်တို့နိုင်ငံမှာ ပြည်သူတွေ ထိတ်လန့်ကြောက်ရွံ့စရာ အဖြစ်အပျက်တွေနဲ့ ရင်ဆိုင်နေကြရတာ။ အဖေက အန်အယ်လ်ဒီပါတီမှာ တက်တက်ကြွကြွ ပါဝင်နေတယ်။ အဲဒီလို နိုင်ငံရေးမှာ ပါဝင်နေလို့လည်း မြို့နယ်အုပ်ချုပ်ရေးရုံးမှာ တစ်လတစ်ခါသွားပြီး ခံဝန်ချက်စာရွက်မှာ လက်မှတ်ထိုး ပေးနေရတယ်။ စာရွက်ထဲမှာ ဘာတွေရေးထားတယ်ဆိုတာတော့ ကျွန်တော် သေချာမသိဘူး၊ ဒါပေမဲ့ လစဉ်တိုင်း စာရွက်မှာ လက်မှတ်သွားထိုးပေးနေရတယ်လို့ အဖေက ကျွန်တော့်ကို ပြောတယ်။ ဒါပေမဲ့ အဖေ့ကျ ဘာမှမဖြစ်ဘဲ ကျွန်တော့်မှာ လာဖြစ်တယ်။

၂၀၀၃ ခုနှစ် နွေရာသီကျောင်းပိတ်ရက်မှာ ချင်းပြည်နယ်က ကျွန်တော့်အိမ်ကို ကျွန်တော် ပြန်လာခဲ့တယ်။ ဖြစ်ချင်တော့ ချင်းပြည်နယ်မှာ အန်အယ်လ်ဒီအခမ်းအနားတစ်ခုလုပ်ဖို့ စီစဉ်နေကြတယ်။ အဲဒီအချိန်

တုန်းကတော့ ဘာပြဿနာမှ မရှိလောက်ဘူးလို့ ကျွန်တော်တို့ ထင်တာ ပေါ့နော်။

ဒါပေမဲ့ စစ်ထောက်လှမ်းရေးက အဲဒီအခမ်းအနားကိုလာပြီး ဓာတ်ပုံ ရိုက်သွားတယ်။ သူတို့ ကျွန်တော့်ကိုပါ ဓာတ်ပုံရိုက်သွားတယ်။ အဲဒီည မှာပဲ အိမ်ကို ရဲတွေရောက်လာပြီး ကျွန်တော့်ကို ဖမ်းတော့တာပဲ။ ဒါပေမဲ့ နောက်တစ်နေ့မနက်မှာ ကျွန်တော့်ကို ပြန်လွှတ်ပေးလိုက်ကြ တယ်။ ဒါပေမဲ့ 'နောက်တခါ အန်အယ်လ်ဒီမှာ ကျွန်တော် မပါတော့ပါ ဘူး'ဆိုတာ စာရွက်ပေါ်မှာ လက်မှတ်ထိုးပေးခဲ့ရတယ်။ ကျွန်တော်က အန်အယ်လ်ဒီပါတီဝင်မှ မဟုတ်တာ၊ ကျွန်တော် လက်မှတ်ထိုးပေးလိုက် တာပေါ့။

နောက်တော့ ကျွန်တော် ရန်ကုန်ကို ကျောင်းတက်ဖို့ ပြန်သွားတယ်။ ရန်ကုန်ရောက်လို့ ရက်အနည်းငယ်အကြာမှာ သူတို့ ကျွန်တော့်ကို ထပ် ဖမ်းကြပြန်တယ်။ မနက် သုံးနာရီခွဲလောက်မှာ လူဆယ်ယောက် လောက် အိမ်ထဲ ဝင်လာကြတယ်။ တချို့က စစ်ဝတ်စုံတွေ ဝတ်ထားကြ တယ်၊ တချို့က ရဲဝတ်စုံတွေဝတ်ထားတယ်၊ တချို့ကတော့ ယူနီဖောင်း ဝတ်မထားကြဘူး။ အဲဒီတုန်းက ယူနီဖောင်းဝတ်မထားတဲ့ လူတွေက ဘယ်သူတွေလဲဆိုတာ ကျွန်တော် မသိဘူး၊ နောက်မှ အဲဒီလူတွေ စစ် ထောက်လှမ်းရေးတွေဆိုတာ ကျွန်တော် သိတာ။ ချင်းပြည်နယ်မှာတုန်း က သူတို့ရိုက်သွားတဲ့ ကျွန်တော့်ပုံကို ပြတယ်။

'ဒီမှာ မင်းဓာတ်ပုံတွေ့လား'လို့ ကျွန်တော့်ကို သူတို့ မေးတယ်။

'ဟုတ်ကဲ့ တွေ့ပါတယ်'

'အဲဒီဓာတ်ပုံကို မင်း မှတ်မိလား'

'ဟုတ်ကဲ့ မှတ်မိပါတယ်'

ဆိုတာနဲ့ ကျွန်တော့်ကို လက်ထိပ်ခတ်မယ် လုပ်တယ်။ 'ဘာကြောင့်လဲ။ ကျွန်တော် ဘာအမှားလုပ်မိလို့လဲ။ သူတို့လုပ်တဲ့အခမ်းအနား ကျွန်တော် သွားတက်မိတာပါ။ ကျွန်တော် အန်အယ်လ်ဒီပါတီဝင် မဟုတ်ပါဘူး ခင်ဗျ။ ကျွန်တော် သာမန်လူပါပဲ၊ လူကောင်းတစ်ယောက်ပါ'လို့ ကျွန်တော် သူတို့ကို ပြောတယ်။ ဒါပေမဲ့ ကျွန်တော်ပြောတာ သူတို့ နားမထောင်ကြဘူး။

ကျွန်တော့်ကိုဖမ်းပြီး အချုပ်ထဲမှာ ဆယ်ရက် ထည့်ထားတယ်။ တစ်နေ့ကို ထမင်းတစ်ကြိမ်ပဲ ကျွေးတယ်။ မသေရုံတမယ် ကျွေးတာ။ ကျွန်တော် ငတ်ပြတ်ဆာလောင်နေတော့ သူတို့ဘာကျွေးကျွေး ကျွေးသမျှ အကုန်စားတယ်။ 'မင်း အန်အယ်လ်ဒီပါတီဝင်လား'လို့ ကျွန်တော့်ကို မေးတယ်။ 'မဟုတ်ပါဘူး ကျွန်တော် အန်အယ်လ်ဒီက မဟုတ်ပါဘူး'ဆိုတာ သူတို့ကို ကျွန်တော် ပြောတယ်။

ကျွန်တော့်ကို မေးခွန်းတွေ အများကြီး မေးကြတယ်။ ကျွန်တော်ပြန်ဖြေတဲ့အခါမှာ သူတို့ လိုချင်တဲ့အဖြေမဟုတ်ရင် ကျွန်တော့်ကို ရိုက်နှက်ကြတယ်။ ခြေနဲ့ကန်တယ်၊ လက်သီးနဲ့ထိုးတယ်၊ အမျိုးမျိုး နှိပ်စက်ကြတယ်။ ဆယ်ရက်ကြာပြီးတော့ ကျွန်တော့်ကို အင်းစိန်ထောင်ကို ပို့လိုက်ကြတယ်။ ထောင်ဗူးဝမှာ ကျွန်တော့်ကို စာရွက်မှာ သူတို့လက်မှတ်ထိုးခိုင်းတယ်၊ ပြီးတော့ ပြောတယ် ကျွန်တော့်ထောင်ဒဏ်က သုံးနှစ်ခွဲတဲ့ဗျ။ ကျွန်တော့်ကို တရားရုံး လုံးဝမထုတ်ဘဲ ထောင်ချလိုက်ကြတာ။

ကျွန်တော့်အိပ်မက်တွေအားလုံး ပျက်စီးကုန်တယ်။ ကျွန်တော့်ဘဝအတွက် စီစဉ်ထားတာတွေ အများကြီး။ အဲဒီလို ထောင်ချခံရမယ်လို့ ကျွန်တော် လုံးဝမမျှော်လင့်ခဲ့ဘူး။ ဒီပြစ်ဒဏ်က ကျွန်တော့်အတွက် အရမ်းကို ပြင်းထန်လွန်းပါတယ်။ ထောင်ထဲရောက်တော့ အစပိုင်း သုံး

လမှာ ကျွန်တော် ဘာဆိုဘာမှ စဉ်းစားလို့မရတော့ဘူး၊ စိတ်နဲ့လူနဲ့ မကပ်တော့ဘူး။

*

အကျဉ်းထောင်

အင်းစိန်ထောင်ထဲမှာ ကရင်၊ ကချင်၊ ချင်း၊ ဗမာ စတဲ့ အကျဉ်းသားတွေ အများကြီး တွေ့ရတယ်။ ကျွန်တော်တို့ တမံသလင်းပေါ်မှာပဲ အိပ်ကြရတာ။ အခန်းတစ်ခန်းမှာ အကျဉ်းသား ခြောက်ယောက် နေရတယ်။ အခန်းတိုင်းမှာ တန်းစီးလည်း ရှိတယ်။ တန်းစီးကလည်း ထောင်ကျအကျဉ်းသားပဲ၊ သူက တခြားအကျဉ်းသားတွေကို ထောင်ထဲမှာ ဘယ်လိုနေထိုင်ရမယ်ဆိုတာ သင်ပေးရတဲ့လူ။ ဥပမာ ပြောရရင်၊ ဝါဒါတွေ၊ ထောင်လုံခြုံရေးရဲတွေနဲ့ ကျွန်တော်တို့ စကားပြောတဲ့အခါ မတ်တတ်ရပ်နေရမယ်၊ လက်တွေကို ပိုက်မထားရဘူး၊ ဆန့်ထားရမယ်ဆိုတာကို တန်းစီးတွေက ပြပေးတယ်။ ကျွန်တော်တို့ကို ပြစ်ဒဏ်ပေးတဲ့အခါမှာတော့ ဒူးကို ကွေး၊ ခါးကိုကုန်းပြီး ကုန်းကုန်း ကွကွကြီး မတ်တတ်ရပ်ခိုင်းထားတာ။ အဲဒီလိုပုံစံနဲ့ နေ့တစ်ဝက်လုံး ကုန်းကုန်းကြီး မတ်တတ်ရပ်နေကြရတာ။ ကျွန်တော်ကတော့ အတတ်နိုင်ဆုံး သူတို့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာခဲ့တော့ အဲဒီလိုမျိုး ပြစ်ဒဏ်ပေးတာ တစ်ခါမှ မခံခဲ့ရဘူး။ ဝါဒါတွေ အမိန့်ပေးတာမှန်သမျှ ကျွန်တော်တို့ လိုက်လုပ်ရင် ဘာပြဿနာမှ မရှိဘူးဗျ။

ကျွန်တော့်ကို နိုင်ငံရေးအကျဉ်းသားတွေနဲ့ အတူထားတယ်။

နိုင်ငံရေးအကျဉ်းသားအများစုကို အင်းစိန်ထောင်ကို ပို့တယ်။ အင်းစိန်ထောင်ကြီးက အကြီးကြီးဆိုတော့ နိုင်ငံရေးအကျဉ်းသားတွေ ထားဖို့အတွက် သီးသန့်နေရာ ရှိတယ်။ ရိုးရိုးအကျဉ်းသားတွေနဲ့ အတူတူရောမထားဘူး။ ပြီးတော့ အရေးကြီးတဲ့လူတွေအတွက် နေရာတစ်နေရာ သပ်သပ်ထပ်ခွဲထားသေးတယ်။ အဲဒီလူတွေက ဆရာ့ဆရာကြီးတွေပေါ့ဗျာ။ သာမန်နိုင်ငံရေး အကျဉ်းသားတွေကိုတော့ အတူတူပဲရောထားတယ်။ ကျွန်တော်က နိုင်ငံရေးအကျဉ်းသား ငါးယောက်နဲ့ အတူနေရတယ်။ ကျွန်တော်တို့အားလုံးက သာမန်အကျဉ်းသားတွေလိုပဲ နေကြတာပါပဲ။ သူတို့လည်း နိုင်ငံရေးအကြောင်း အချိန်ပြည့်ပြော မနေကြပါဘူး။ ဒါပေမဲ့ ထူးခြားတဲ့ သတင်းရှိရင်၊ ဥပမာ - ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ် သက်တမ်းခြောက်လ ထပ်တိုးခံလိုက်ရတယ်ဆိုတဲ့ သတင်းမျိုး ကြားရတဲ့အခါဆိုရင်တော့ နိုင်ငံရေးအကြောင်း သူတို့ပြောကြတယ်။ ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော်စောစောက ပြောသလိုပဲ ဒီကိစ္စတွေကို သိပ်စိတ်မဝင်စားပါဘူးဗျာ။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံမှာ အစိုးရက ဒီလောက်အင်အားကြီးတာ နိုင်ငံရေးလုပ်ဖို့ မလွယ်ဘူးလို့ ကျွန်တော် ထင်လို့ဗျ။ သူတို့ပြောတဲ့အခါ ကျွန်တော် ခေါင်းညိတ်လိုက်တယ်။ ဒါပေမဲ့ သူတို့ပြောသလို ဖြစ်လာမယ်လို့ ကျွန်တော် မယုံကြည်ပါဘူး။

အင်းစိန်ထောင်မှာ ကျွန်တော် ငါးလနေပြီးတဲ့အခါ အစိုးရက ကျွန်တော့်ကို မော်လမြိုင်ထောင်ကို ပြောင်းလိုက်တယ်။(၆) မော်လမြိုင်ထောင် ရောက်တော့ ကျွန်တော့်ကို နိုင်ငံရေးအကျဉ်းသားတွေနဲ့ အတူမထားတော့ဘူး။ သူတို့က နိုင်ငံရေးအကျဉ်းသားတွေကို ထောင်ထဲမှာ စောင့်ကြည့်နေတာဗျ၊ အင်းစိန်ထောင်ထဲမှာ ငါးလနေပြီးတဲ့အခါ ကျွန်တော်က နိုင်ငံရေးသမား မဟုတ်ဘူးဆိုတာ သူတို့ သိကြပြီဆိုတော့

အဲဒီမှာ ကျွန်တော့်ကို လွှတ်ပေးရမှာလေ။ ဒါပေမဲ့ သူတို့ ကျွန်တော့်ကို ဘာလို့လွှတ်မပေးကြတာလဲဆိုတာ ကျွန်တော် နားမလည်ဘူး။ သူတို့ ကျွန်တော့်ကို ဘာအကြောင်းပြချက်မှလည်း မပေးကြဘူး။

ကျွန်တော့်အတွက်တော့ မော်လမြိုင်က အင်းစိန်ထက် ပိုကောင်းတယ်။ မော်လမြိုင်ထောင်က သေးတော့ ကျွန်တော်တို့နဲ့ ဝါဒါတွေကြားမှာ နားလည်မှု ပိုရှိကြတယ်။ ကျွန်တော် မော်လမြိုင်ထောင်ထဲမှာ အနေပိုကြာလာတာနဲ့အမျှ ဝါဒါတွေနဲ့ကျွန်တော့်ကြားမှာ နားလည်မှု ပိုရှိလာတယ်ဆိုပါတော့။ ကျွန်တော် နေရတာ ပိုလွတ်လပ်လာတယ်။ ထောင်ထဲမှာ သွားချင်တဲ့ နေရာလည်း သွားခွင့်ရလာတယ်။ ဒီလောက်ပါပဲ၊ ဒီထက်တော့ အခွင့်အရေး ပိုမရပါဘူးဗျာ။ ကျွန်တော့်ကို ပေါ်တာအဖြစ် အခေါ်မခံရခင်နေ့အထိ မော်လမြိုင်ထောင်မှာ ကျွန်တော် နေခဲ့တာ။

(၆)-မွန်ပြည်နယ်ရဲ့မြို့တော် မော်လမြိုင်က မြန်မာနိုင်ငံရဲ့ တတိယအကြီးဆုံးမြို့ပါ။ သံလွင်မြစ်ဝပိုင်းမှာ ရှိပြီး၊ ရန်ကုန်မြို့ရဲ့ အရှေ့တောင်ဘက် ကီလိုမီတာ ၃၀၀ အကွာအဝေးမှာ တည်ရှိတယ်။

*

လွတ်လပ်မှုမရှိတာကို ကျွန်တော်တို့ အတူတူ ဝေမျှခံစားနေကြရတာ

တိုက်ပွဲဖြစ်ပွားနေကျ ဒေသတွေကို ဖြတ်သွားရတဲ့အခါမှာ စစ်သားတွေက ပေါ်တာတွေကို ရှေ့က သွားခိုင်းတယ်။ တောထဲမှာဆိုရင် KNLA

စစ်သားတွေက နအဖအစိုးရစစ်သားတွေကို လွယ်လွယ်ကူကူ ပစ်ခတ်လို့ရပေမဲ့ ပေါ်တာတွေက အစိုးရစစ်သားတွေရှေ့ကနေ လျှောက်နေရင် KNLA စစ်သားတွေက မပစ်ရဲတော့ဘူး။ သူတို့က ပေါ်တာတွေကို မပစ်ချင်ဘူး။

တစ်ခါတစ်လေ ကျွန်တော်တို့ ဖြတ်လျှောက်တဲ့နေရာတွေမှာ မြေမြှုပ်မိုင်းတွေလည်း ရှိတယ်။ တစ်ကြိမ်မှာတော့ ပေါ်တာတစ်ယောက် မြေမြှုပ်မိုင်းကို နင်းလိုက်မိတာ ခြေနှစ်ဖက်စလုံး ပြတ်သွားတယ်။ ဒါပေမဲ့ နောက်တစ်ကြိမ် မိုင်းနင်းမိတဲ့လူက ဗိုလ်ကြီးဖြစ်သွားတယ်။ ပေါ်တာတွေက အမြဲတမ်း အစိုးရစစ်သားတွေရှေ့က လျှောက်ရတာဖြစ်ပေမဲ့ မြေမြှုပ်မိုင်းကို ပေါ်တာတွေ မနင်းမိဘဲ နောက်က လိုက်လာတဲ့ ဗိုလ်ကြီးကျမှ နင်းလိုက်မိတာ။ စစ်သားနှစ်ယောက် ခြေထောက်တွေ ပြတ်သွားတယ်။

ကျွန်တော်တော့ လျှောက်ရမယ့်လမ်းကို လျှောက်သွားလိုက်တယ်။ မြေမြှုပ်မိုင်းအကြောင်း စဉ်းစားမနေတော့ဘူး။ သယ်ရတဲ့ပစ္စည်းတွေက လေးလွန်းလို့ ကျွန်တော်တို့ ပေါ်တာတွေက အချိန်ရှိသရွေ့ အရမ်းကို ပင်ပန်းနွမ်းနယ်နေကြတာပေါ့။ အဲဒါကြောင့် မြေမြှုပ်မိုင်းအကြောင်း စဉ်းစားနေချိန်ကို မရှိဘူး။ ရှေ့လျှောက် ဒီပစ္စည်းကြီးတွေကို ဘယ်လိုဆက်ပြီး သယ်ရပါ့မလဲ ဆိုတာနဲ့ အနားယူဖို့ကိစ္စပဲ စဉ်းစားဖြစ်တယ်။ ခရီးထွက်စက ကျွန်တော်တို့ ပထမဆုံး တည်းခိုခဲ့ကြတဲ့ ရွာတစ်ရွာပြီး နောက်ထပ်ဖြတ်လျှောက်ခဲ့တဲ့ ရွာတွေမှာတော့ လူတွေ မရှိကြတော့ဘူး။ ရွာသားတစ်ယောက်မှ မတွေ့ရတော့ဘူးဗျ။ နအဖစစ်သားတွေက ရွာတွေထဲဝင်ပြီး ဖျက်ဆီးပစ်ခဲ့တယ်[၇]

(၇)-နအဖ စစ်အစိုးရ၏ ဖြတ်လေးဖြတ်မဟာဗျူဟာတွင် ရွာများကို

ဝင်ရောက်ဖျက်စီးခြင်း ပါဝင်သည်။

ကျွန်တော်တို့သွားရမယ့် မြန်မာနိုင်ငံ အရှေ့တောင်ဘက်ပိုင်းမှာရှိတဲ့ အစိုးရစစ်တပ်စခန်းကို မရောက်ခင် လမ်းမှာပဲ ကျွန်တော့်ခြေထောက်တွေ ယောင်ကိုင်းလာတယ်။ ကျွန်တော် ထမ်းထားရတဲ့ အလေးအပင်တွေကို ဆက်ပြီး သယ်နိုင်စွမ်းမရှိတော့ဘူးလို့ ကျွန်တော် ထင်မိတယ်။ တစ်ပြိုင်တည်းမှာလည်း ကျွန်တော် ဆက်ပြီးမသယ်နိုင်တော့တဲ့အချိန်မှာ ကျွန်တော် သေရတော့မှာပဲဆိုတာလည်း သိနေတယ်။ ကျွန်တော့်ခြေထောက်တွေ ယောင်ကိုင်းလာလို့ ကျွန်တော့်ကို ဒီထက် အလေးပေါ့တဲ့ပစ္စည်းပေးပါလို့ စစ်သားတွေကို ပြောတော့ စစ်သားက ကျွန်တော့်ကို အော်တယ်။ 'မင်း ဘာပြောတာလဲ ပေါ်တာ' ကျွန်တော့်ကို စစ်သားက တွန်းလည်း တွန်းတယ်၊ ရိုက်လည်း ရိုက်တယ်။ 'ကျွန်တော် မတတ်နိုင်တော့ဘူး၊ ဒီဟာကို ကျွန်တော် မသယ်နိုင်တော့ဘူး'လို့ ထပ်ပြောတော့ ကျွန်တော့်ကို ထပ်ရိုက်တယ်။ ဒါပေမဲ့ စစ်သားတွေက သူတို့လက်နဲ့ပဲ ကျွန်တော်တို့ကိုရိုက်ရင် ကျွန်တော်တို့ သိပ်တော့မကြောက်ဘူး၊ ဒဏ်ရာတွေက ပြန်သက်သာလာနိုင်တယ်လေ။ သူတို့ သေနတ်တွေနဲ့ ရိုက်ပြီဆိုရင်တော့ နာလန်ပြန်မထူနိုင်တော့ဘူးဗျ။

စခန်းကိုရောက်ဖို့ ခြေလျင်ခရီးငါးရက် လျှောက်ကြရတယ်။ စခန်းကို ကျွန်တော်တို့ ရောက်တဲ့အချိန်မှာ ပေါ်တာ ၁၄၇ ယောက်ပဲ ကျန်တော့တယ်။ လမ်းမှာ ၃၈ ယောက် သေကျန်ရစ်ခဲ့တယ်။ စခန်းရောက်တော့ ကျွန်တော်တို့ အနားယူခွင့်ရတယ်။ ကျွန်တော်တို့တွေ ပြောမပြတတ် အောင်ကို ပင်ပန်းနွမ်းနယ်နေကြတာပေါ့ဗျာ။ ဒါပေမဲ့ တစ်ပတ်ကြာတဲ့အခါ အဖြစ်ဆိုးတစ်ခုဖြစ်လာတယ်။ နာမကျန်းဖြစ်နေတဲ့ ပေါ်တာလေးယောက်က ထွက်ပြေးဖို့ ကြိုးစားကြတယ်။ ဒါပေမဲ့ အဲဒီနေ့ချင်းပဲ စစ်တပ်က သူတို့ကို ပြန်ဖမ်းမိသွားတယ်။ စစ်သားတွေက

အဲဒီပေါ်တာလေးယောက်ကို ရက်ရက်စက်စက်ကို သတ်ပစ်လိုက်ကြတယ်။ သူတို့လက်မောင်းတွေကို ချိုးပစ်တယ်၊ လျှာတွေ ဖြတ်ပစ်တယ်။ ပြီးတော့ သူတို့အလောင်းတွေကို သစ်ပင်မှာကြိုးချည်ထားပြီး ကျွန်တော်တို့အားလုံးကို ကြည့်ခိုင်းတယ်။ အဲဒီလိုလုပ်ရင် ကျွန်တော်တို့အားလုံး ကြောက်လန့်ပြီး နောက်ထပ် ဘယ်ပေါ်တာမှ ထွက်မပြေး ရဲတော့အောင် လုပ်တာ။ အဲဒီအဖြစ်အပျက်ဖြစ်ပြီးတဲ့နောက် ကျွန်တော်တို့အားလုံး အရမ်းကိုထိတ်လန့်ကြောက်ရွံ့နေကြတယ်။

အစိုးရက အဲဒီစခန်းကို တပ်ရင်း ဆယ်ရင်းလောက်နဲ့ ပေါ်တာ ၅၀၀ လောက် နှစ်တိုင်းပို့နေကြ။[၈] ပေါ်တာ ၅၀၀ ထဲက ၇၀ နဲ့ ၁၀၀ ကြားပဲ အသက်ရှင်လျက် ပြန်ရောက်ကြတာ။ နှစ်တိုင်း ပေါ်တာတွေ အများကြီး သေကြတယ်။ ကျွန်တော် ပေါ်တာပါသွားတဲ့နှစ်ကလည်း အဲဒီလိုပဲ ဖြစ်ခဲ့တာပဲ။ အဲဒီစခန်းက အရင်က ကရင်ရွာတစ်ရွာပေါ့၊ ဒါပေမဲ့ နောက်တော့ အဲဒီမှာ အစိုးရစစ်သားတွေ သက်သက်ပဲ ကျန်တော့တယ်၊ ကရင်လူမျိုး တစ်ယောက်မှ မရှိကြတော့ဘူး။ အစိုးရစစ်တပ်က နယ်မြေရှင်းလင်းရေးလုပ်လို့ အဲဒီဒေသက ကရင်ရွာသားတွေအကုန်လုံး ထိုင်းကို ထွက်ပြေးသွားကြရတယ်။ စစ်တပ်က အဲဒီဒေသမှာ နယ်မြေရှင်းလင်းရေးလုပ်ရင်း တွေ့သမျှ လူ အကုန်သတ်တာ၊ အရပ်သားကော ဘာကော ဘယ်သူမှမထားဘူးဗျ။

(၈)-မြန်မာ့တပ်မတော်က တပ်ရင်းတစ်ရင်းမှာ ပျမ်းမျှအားဖြင့် စစ်သား ၂၀၀ နဲ့ ၅၀၀ ကြားရှိတယ်။

နေ့ဖက်မှာဆို ကျွန်တော်တို့ မြစ်ကမ်းပါးဘေးမှာ နေကြရတယ်။ စစ်သားတွေက ကျွန်တော်တို့ကို တစ်နေ့လုံး နေပူထဲမှာ နေခိုင်းထားတာ။ အရမ်းပူတာဗျ။ တကယ်လို့ ကျွန်တော်တို့က နေရာပြောင်းနေရင်

အရာရှိ တစ်ယောက်က လာရိုက်တယ်။ ညနေခင်းအထိ သောက်ရေလည်း မရှိဘဲ အဲဒီနေရာမှာ တစ်နေကုန် ကျွန်တော်တို့နေကြရတာ။ ပြီးတော့ ကျွန်တော်တို့ကို ၇ ရက်လုံး ရေချိုးခွင့် မပေးပဲ ထားတယ်။ စဉ်းစားကြည့်ပေါ့ဗျာ၊ ကျွန်တော်တို့ပေါ်တာတွေဆိုတာ အရမ်းကို ညစ်ပတ်နံစော်နေတာပေါ့။ ဒါပေမဲ့ ခုနစ်ရက်မြောက်တဲ့နေ့မှာ ရေချိုးခွင့်ပေးပြီး ထမင်းကောင်းကောင်း ကျွေးတယ်။ ဒါပေမဲ့ မကြာမကြာ ရေချိုးခွင့်ရတာမဟုတ်ဘဲ အကြာကြီးနေမှ တစ်ကြိမ်ပဲ ရေချိုးခွင့်ရတာဆိုတော့ တစ်လကြာတဲ့အခါမှာ ပေါ်တာအများစု ဖျားကြပါလေရော။ အဲဒီမှာ အားနည်းတဲ့ ပေါ်တာတွေစပြီး သေကြတယ်၊ တစ်ယောက်ပြီးတစ်ယောက်ပဲ။ အများစုက ငှက်ဖျားဖြစ်ပြီး သေကြတာ။ 'ငါလည်း ဒီနည်းအတိုင်း သေရမှာပဲလား'ဆိုပြီး ကျွန်တော် အမြဲစဉ်းစားမိတယ်။

စခန်းမှာ ငှက်ဖျားက ပြဿနာကြီးတစ်ခုဗျ။ ငှက်ဖျားဖြစ်ပြီး ကျွန်တော် ဖျားတော့ ကျွန်တော့်ခန္ဓာကိုယ်က တုန်နေတာ သုံးရက်ကြာတယ်။ ကျွန်တော့်ကို ကရင်သူငယ်ချင်းအားလုံးက ကျွန်တော့်ကို ထိုင်မနေနဲ့၊ ရေနွေး ပူပူသောက်၊ ပြီးရင်ပြေးလို့ ပြောကြတယ်။ အဲဒါမှ ခင်ဗျား အသက်ဆက်ရှင်နိုင်မယ်တဲ့။ သူတို့ အကြံပေးတဲ့အတိုင်း ကျွန်တော်လည်း ရေနွေးပူပူ သောက်ပြီး၊ စခန်းမှာ ပတ်ပြေးလိုက်တယ်။ တကယ်လည်း ကျွန်တော်ပြန် ကောင်းသွားတယ်။ ဒါပေမဲ့ဆယ်ရက်ကြာတော့ တစ်ခါထပ်ဖျားပြန်ရော။

စခန်းမှာ ပေါ်တာအယောက်နှစ်ဆယ်လည်း သေရော ပေါ်တာတွေ အကုန်သေသွားမှာ ဗိုလ်ကြီးက စိုးရိမ်သွားတယ်။ အဲဒီတော့မှ စစ်သားတွေက ကျွန်တော်တို့ကို ဆေးကောင်းကောင်းပေးတယ်။ ထမင်းကောင်းကောင်း ငါးရက် ကျွေးတယ်။ နောက်ဆုံးတော့ ကျွန်တော် ပြန်ကောင်းသွားတယ်၊ ဒါပေမဲ့ အဲဒီအချိန်မှာ အသက်ရှင်လျက်ကျန်နေတဲ့

ပေါ်တာအရေအတွက်က ၁၁၅ ယောက်လား၊ ၁၂၀ လား၊ အဲဒီလောက်ပဲ ရှိတော့တာ။ အဲဒီတုန်းကဆို ကျွန်တော်တို့သူငယ်ချင်းတွေ သေတာကြည့်ပြီး ကျွန်တော်တို့အားလုံး အရမ်း ကိုကြေကွဲခံစားခဲ့ကြရတာ။ ပေါ်တာတွေက မလွတ်မြောက်ခြင်းဒုက္ခကို အတူတကွ မျှဝေခံစားနေကြရသူတွေဆိုတော့ ကျွန်တော်တို့တစ်ဦးနဲ့တစ်ဦး ချစ်ကြတယ်။ အပြန်အလှန် စောင့်ရှောက်ကြတယ်။

ကျွန်တော် နေပြန်ကောင်းပြီး မကြာခင်မှာပဲ ပေါ်တာ ပြန်လုပ်ရ ပြန်တယ်။ ဒီတစ်ခါ လုပ်ရတာက ကျွန်တော်တို့ စခန်းနဲ့ ထိုင်းနယ်စပ်က အစိုးရစစ်တပ်စခန်းနှစ်ခုကို သွားချည်ပြန်ချည်နဲ့ ရိက္ခာတွေ ထမ်းပို့ကြရတာ။ ဇွန်လဆို မိုးရာသီကစပြီ၊ မိုးတွင်းမှာဆို စခန်းနှစ်ခုကို အသွားအပြန်ခရီး တစ်လကြာတယ်။ လမ်းခရီးတစ်လျှောက်မှာ တောင်တွေတက်ပြီး သွားကြရတာ။ မိုးရာသီမှာ မြစ်ကမ်းအတိုင်းစုန်ပြီး နယ်စပ်စခန်းကို သွားလို့မရဘူး။ မြစ်ရေတွေတက်လာရင် မြစ်က အရမ်းကျယ်သွားတဲ့အတွက် မြစ်ကိုဖြတ်ဖို့ ခက်သွားတယ်။ အဲဒါကြောင့် ကျွန်တော်တို့ တခြားလမ်းကြောင်းဖြစ်တဲ့ တောင်ပေါ်လမ်းကြောင်းကို ရွေးချယ်ရတာ။ တောင်ပေါ်လမ်းက သွားပြီဆိုရင် ဘယ်လိုသွားရလဲဆိုတော့ တောင်တစ်လုံးကို တက်ကြတယ်၊ ပြီးရင် တောင်အောက်ကို ပြန်ဆင်း၊ ပြီးရင် နောက်တောင်တစ်လုံးကို ထပ်တက်၊ ပြီးရင် ပြန်ဆင်း။ အဲဒီလိုတက်လိုက်ဆင်းလိုက် တောက်လျှောက်သွားရတာ။

ကျွန်တော်တို့ တောင်တက်တဲ့အချိန်ကျတော့ မိုးက အကြီးအကျယ်ကို ရွာနေတာပေါ့။ မနက်ကနေ ညအထိ မိုးသည်းတယ်။ မနက်တိုင်း ၅ နာရီဆို ထ၊ ၆ နာရီလောက်ဆို ခရီးစထွက်တော့ပဲ။ နယ်စပ်စခန်းအတွက် ၂၅ ကီလိုလေးတဲ့ ရိက္ခာထုတ်ကြီးတွေ ကျွန်တော်တို့သယ်ပိုးပြီး မိုးရွာထဲမှာ တစ်နေ့လုံး လမ်းလျှောက်ကြရတာ[(၉)] တောင်ပေါ်မှာ

ကျွန်တော်တို့ ပလတ်စတစ်တွေနဲ့ မိုးရေခံပြီး၊ အဲဒီမိုးရေနဲ့ ထမင်းချက်ရတယ်။ ဒီလိုမှ ချက်မစားရင် အသက်ရှင်ဖို့ ဘယ်လိုလုပ်မလဲ။ ဘယ်လိုဆက်ပြီး သယ်နိုင်တော့မလဲ။ ညနေ ငါးနာရီမှာ ကျွန်တော်တို့ နားတယ်၊ အိပ်ဖို့နေရာ ရှာကြတယ်။ ပထမဦးဆုံး အနေနဲ့ ရိက္ခာထုတ်တွေ မိုးမစိုအောင် ပလတ်စတစ်တွေနဲ့ ရွက်ဖျင်တဲလုပ်ပြီး ထည့်ထားလိုက်တယ်။ ပြီးရင် စစ်သားတွေအတွက် မိုးကာတဲလုပ်ပေးရတယ်။ ကျွန်တော်တို့ ရောက်နေတာက KNU နယ်မြေထဲမှာဆိုတော့ သူတို့က ကျွန်တော်တို့ကို စောင့်ကြပ်ဖို့ လိုက်လာကြတာ။ ပေါ်တာတွေအတွက်တော့ တဲမရှိဘူးဗျ။ ကျွန်တော်တို့ ခေါင်းနဲ့ရင်ဘတ်ပဲ တဲထဲမှာ လျှိုပြီး ခြေထောက်တွေကို တဲပြင်မှာပဲ ထားကြရတယ်။ ကျွန်တော်တို့ခန္ဓာကိုယ်တွေ တစ်ညလုံး စိုရွှဲ နေတာ။ မနက်မိုးလင်းတဲ့အခါမှာ ကျွန်တော်တို့ပုဆိုးတွေဆိုတာ စိုရွှဲနေတာပဲ။ ပြီးရင် ရိက္ခာတွေ သယ်ပိုးပြီး ခရီးဆက်ကြရပြန်ရောလေ။

(၉)-၂၅ ကီလိုဂရမ်သည် ၅၅ ပေါင်နှင့် ညီမျှသည်။

ပထမဦးဆုံးအကြိမ် ကျွန်တော်တို့တောင်စတက်ရတုန်းက ကျွန်တော် တကယ်ကိုသေချင်သွားတယ်။ ဘာကြောင့်လဲဆိုတော့ ဒီခရီးက ပထမဆုံး အခေါက်ပဲ ရှိသေးတာ၊ နောက်ထပ်ပြီး အကြိမ်ပေါင်းများစွာ အခေါက်ပေါင်း များစွာသွားရဦးမယ်ဆိုတာ ကျွန်တော် သိနေတာကိုး။ ကျွန်တော် သေရမှာပဲ ဆိုတာ သိနေတော့ ခုပဲ လွယ်လွယ်ကူကူ သေလိုက်ချင်တယ်။ ထပ်ပြီးတော့ အပင်ပန်းခံမနေချင်တော့ဘူးဗျာ။ ဒါပေမဲ့ အဖေနဲ့အမေကို ကျွန်တော် သတိရသွားတယ်။ အဲဒီနေရာမှာသာ ကျွန်တော် သေသွားရင် သူတို့ ဘယ်လောက်တောင် ဝမ်းနည်းစိတ်မကောင်းဖြစ်ကြမလဲဆိုတာ ကျွန်တော် သတိရသွားတယ်။ ကျွန်တော် အသက်မသေဘဲ ရှင်ခဲ့ရတဲ့အကြောင်းရင်းက ကျွန်တော်က ချင်းပြည်နယ်သားမို့ဗျ။ ကလေးဘဝကတည်းက ကျွန်တော်က တောင်

တွေ တက်ခဲ့တာ။ ဒါကြောင့်လည်း အဲဒီတောင်တက်ခရီးမှာ ကျွန်တော် မသေခဲ့တာ။ ခရီးတစ်ခေါက်ထွက်တိုင်း နှစ်ယောက်တော့ သေတယ်လေ။ ခရီးတစ်လျှောက်လုံး ကျွန်တော်တို့ KNU နယ်မြေကို ဖြတ်သွားရတာဖြစ်ပေမဲ့ ကရင်တစ်ယောက်မှ မတွေ့ခဲ့ဘူး။ လမ်းမှာ အဖျက်ခံထားရတဲ့ ရွာတွေပဲ တွေ့ခဲ့တယ်။

တစ်ကြိမ်မှာတော့ လမ်းပျောက်နေပြီလို့ ဗိုလ်ကြီးက ပြောတယ်။ မိုးတွင်းဆိုတော့ လမ်းက အရမ်းချောနေတာ။ အဲဒါနဲ့ ကျွန်တော်တို့ မြစ်ကမ်းဘေး ကျောက်ဆောင်တွေအတိုင်း လျှောက်ခဲ့ပြီး ညအိပ်ဖို့ ယာယီစခန်းဆောက်လိုက်ကြတယ်။ အဲဒီအချိန်မှာ ညမှောင်နေပြီ၊ ဒါပေမဲ့ ကျွန်တော်တို့ရောက်နေတာက တောထဲမှာလည်း ဖြစ်၊ KNU နယ်မြေလည်းဖြစ်တော့ စစ်သားတွေက မီးမမွှေးရဲကြဘူး။ အဲဒါကြောင့် ကျွန်တော်တို့တွေ အမှောင် ထဲမှာပဲ အအေးဒဏ်ခံပြီး နေကြရတယ်။

လမ်းပျောက်ပြီးတဲ့နောက် နယ်စပ်စခန်းလည်းရောက်ရော ကျွန်တော်တို့တွေ အရမ်းကို ဝတ်ပြတ် ဆာလောင်နေကြတာ။ လူတွေလည်း ပိန်ချုံးနေကြတယ်။ ကျွန်တော်တို့လက်တွေလည်း ပေါက်ပြဲယောင်ကိုင်းနေတယ်။ စခန်းကို ရောက်မှ ပေါ်တာတစ်ယောက်လမ်းမှာ ကျန်ခဲ့တာ ကျွန်တော်တို့ သိကြတယ်။ လမ်းမှာတုန်းက ကိုယ့်ကိုကိုယ်တောင် မသေအောင် အနိုင်နိုင်လုပ်ခဲ့ရတာ ဆိုတော့ အဲဒီလူ ကျန်ခဲ့တာ သတိမထားလိုက်မိကြဘူး။ ပြီးတော့ လမ်းတစ်လျှောက်လုံး မိုးတွေရွာပြီး မှောင်မဲနေတော့ စစ်တပ်ကလည်း ပေါ်တာတွေကို သေချာမကြည့်နိုင်တော့ဘူး။ ကျွန်တော်တို့စိတ်ထဲမှာ မှတ်နေရတာကလည်း ငါ လူစုနဲ့ကွဲပြီး နောက်မှာ ကျန်ခဲ့လို့မဖြစ်ဘူး၊ ကျန်ခဲ့ရင်တော့ ငါ ကျိန်းသေပေါက် သေရမယ်ဆိုတာပဲ။ နောက်နေ့ကျတော့ ကျန်ခဲ့တဲ့ပေါ်တာကို လမ်းမှာ ကျွန်တော်တို့ သွားပြန်ရှာကြတယ်။ ဒါပေမဲ့ သူက သေနေပြီ။

တကယ်တော့ အဲဒီပေါ်တာက လမ်းဆက်လျှောက်ဖို့ လုံးဝခွန်အားမရှိတော့လို့ လမ်းမှာ ကျန်ခဲ့တာ။ အအေးဒဏ်ကြောင့် သူ သေသွားတာ။

အဲဒီခရီးတွေမှာ ထမင်း၀၀ မစားရတော့ ကျွန်တော်တို့ပေါ်တာတွေက အမြဲတမ်းအားပြတ်နေကြတာပေ့ါ။ ကျွန်တော်တို့ကို တစ်နေ့ ထမင်းနှစ်နပ်ပဲ ကျွေးတယ်။ မနက် ၁၁ နာရီမှာ တစ်ကြိမ်၊ ည ၇ နာရီမှာ တစ်ကြိမ်။ ကျွန်တော်တို့ကို ဆန်ပေးတယ်၊ အဲဒီဆန်ကို ကျွန်တော်တို့က ငှက်ပျောအူတွေနဲ့ ရောကျိုပြီး စားကြရတယ်။ အနည်းဆုံး ဗိုက်ထဲမှာ တစ်ခုခုတော့ရှိနေမှ ကျွန်တော်တို့ ဆက်လျှောက်နိုင်မှာ မဟုတ်လား။

ရတဲ့ခွဲတမ်းထက် နည်းနည်းပိုယူဖို့ကြံရင် စစ်သားတွေရဲ့ အရိုက်အနှက်ကို ခံကြရတယ်။ စခန်းက အထွက်မှာ ကျွန်တော်တို့ပေါ်တာတွေမှာ ဘာပစ္စည်းတွေပါလဲဆိုတာ စစ်တပ်က စစ်ဆေးတယ်၊ စခန်းကိုရောက်ရင် တစ်ခါ ထပ်စစ်ဆေးတယ်။ အဲဒါကြောင့် ကျွန်တော်တို့လည်း မခိုးရဲတော့ဘူး။ ရိက္ခာခွဲတမ်းပျောက်ရင်လည်း အပြစ်ပေးတာ ခံရသေးတယ်။ အစာကို မသေရုံတမယ် ကျွေးတာဆိုတော့ တစ်လအတွင်းမှာ ကျွန်တော်တို့သူငယ်ချင်း ငါးယောက် အငတ်ဒဏ်ကြောင့် သေသွားတယ်။ ကျွန်တော်တို့ တောင်တက်နေတုန်း ပေါ်တာတွေသေရင် သေတဲ့နေရာမှာပဲ ထားခဲ့ရတာ။ အလောင်းကို ကျွန်တော်တို့ မြေမမြှုပ်ခဲ့နိုင်ဘူး၊ ကျွန်တော်တို့မှာ တူးစရာ ဘာလက်နက်ပစ္စည်းမှ မရှိဘူး။ ဒါပေမဲ့ စခန်းမှာသေရင်တော့ ကျွန်တော်တို့ တတ်နိုင်သလောက် မြေမြှုပ်သင်္ဂြိုဟ်ပေးတယ်။

တစ်ခါတော့ တောင်တက်နေတုန်းမှာ ကျွန်တော်တို့သူငယ်ချင်း မွန်လူမျိုးတစ်ယောက်ကို စစ်သားတွေ ပြင်းပြင်းထန်ထန် ရိုက်နှက်ကြတယ်။ ဒါပေမဲ့ သူက တောင်ပေါ်ရောက်တဲ့အထိ ဆက်တက်တယ်။

တောင်ထိပ်ကို ရောက်တော့ သူ့ကိုအဲဒီမှာ နားလို့ရအောင်ထားခဲ့ပြီး ကျွန်တော်တို့က နယ်စပ် စခန်းကို ရိက္ခာထုတ်တွေနဲ့ ဆက်ထွက်ခဲ့တယ်။ နယ်စပ်စခန်းမှာ ကျွန်တော်တို့ နှစ်ညအိပ်ပြီး သူ့ကိုရှာဖို့ ပြန်သွားကြတယ်။ ကျွန်တော်တို့ထားခဲ့တဲ့နေရာမှာ အဲဒီလူ အိပ်နေတာ တွေ့ရတယ်။ သူ့စအိုထဲက လောက်တွေ ထွက်နေတယ်။ ဒါပေမဲ့ သူ အသက်ရှိနေတုန်းပဲ၊ အဲဒါနဲ့ ကျွန်တော်တို့ ပေါ်တာအားလုံးက စစ်သား တွေကို ပြောတယ်။ 'ကျေးဇူးပြုပြီး ကျွန်တော်တို့ သူ့ကိုသယ်ပါရစေ၊ သူ့ ကိုစခန်းကို ကျွန်တော်တို့ ပြန်ခေါ်သွားချင်တယ်၊ သူ့ကိုကျွန်တော်တို့ ပြုစုပါရစေ'။ အဲဒါကို စစ်တပ်က ခွင့်မပြုဘူး။ 'မရဘူး'တဲ့။ 'မင်းတို့ ဘယ်လိုလုပ်ပြီး သယ်နိုင်မှာလဲ'လို့ ပြောတယ်။

စစ်သားတွေကို ကျွန်တော်တို့ တောင်းပန်ကြတယ်။ ကျွန်တော်တို့ သယ်လာတဲ့ ရိက္ခာထုတ်တွေလည်း နယ်စပ်စခန်းမှာ ထားခဲ့ရပြီဆို တော့ ကျွန်တော်တို့မှာ သယ်သွားစရာ ဘာမှမရှိတော့ဘူး။ ပြီးတော့ ကျွန်တော်တို့ ပေါ်တာတွေက အယောက်ငါးဆယ်လောက်ရှိတယ်ဆို တော့ သူ့ကိုစခန်းအရောက် ပြန်သယ်သွားနိုင်တယ်၊ ပြုစုလို့လည်းရ တယ်။ စစ်သားတွေကို ကျွန်တော်တို့ တောင်းပန်ပေမဲ့ မသယ်ရဘူးလို့ပဲ ပြောတယ်။ ပြီးတော့ စစ်သားတွေက သူ့ကို ကျောက်ဆောင်ပေါ်ကနေ အောက်ကို ပစ်ချလိုက်ဖို့ ကျွန်တော်တို့ကို ခိုင်းတယ်။ သူ အသက်မသေ သေးဘဲနဲ့ ကျောက်ဆောင်ပေါ်ကနေ ပစ်ချလိုက်ဖို့ ကျွန်တော်တို့ကို စစ်သားတွေက ခိုင်းခဲ့တာ။ ကျွန်တော်တို့ သူငယ်ချင်းအတွက် ကျွန်တော်တို့ အရမ်းစိတ်မကောင်းဖြစ်ကြရတယ်။ ဒါပေမဲ့ ကျွန်တော် တို့က အကျဉ်းသားတွေဆိုတော့ ဘာများတတ်နိုင်မှာလဲ။ အမိန့်ပေးတဲ့ အတိုင်း သူ့ကိုပစ်ချလိုက်ကြရတယ်။ အကျဉ်းသားအားလုံး စိတ်မ ကောင်း ဖြစ်ကြတယ်။ နာနာကျင်ကျင် ခံစားကြရတယ်။ အဲဒီနေ့မှာပဲ ဒီ

ဘဝကနေ ထွက်ပြေးမှဖြစ်တော့မယ်ဆိုတာ ကျွန်တော့်ဘာသာ ပြော ဖြစ်ခဲ့တယ်။

*

သေမင်းမှ ထွက်ပြေးလွတ်မြောက်ခြင်း

ပထမသုံးလမှာ စစ်သားတွေက ကျွန်တော်တို့ကို အဲဒီလိုဆိုးဆိုးရွား ရွားကို ဆက်ဆံကြတယ်။ ရန်သူကို ဆက်ဆံသလိုမျိုး ဆက်ဆံကြတာ။ နာမကျန်းဖြစ်နေတဲ့ ပေါ်တာတွေ ထွက်ပြေးကြလို့ ဒေသဆိုင်ရာ ဗိုလ်မှူးကြီးက အရမ်းစိတ်တိုတော့ စစ်သားတွေအားလုံးက ကျွန်တော် တို့ကို ရန်သူလို မြင်နေတော့တာ။ စစ်သားတွေက ကျွန်တော်တို့ ထွက်ပြေးမှာစိုးလို့ ကျွန်တော်တို့ကို သေချာဂရုစိုက်ပြီး စောင့်ကြည့်နေ တာ။ သူတို့ကို စကားတောင် မပြောရဲဘူး။ သယ်စရာရှိတာ သယ်ပြီး၊ လုပ်စရာရှိတာပဲ လုပ်ကြရတာ။ သုံးလကြာပြီးတော့ စစ်သားတွေနဲ့ ကျွန်တော်တို့ကြားမှာ နားလည်မှုနည်းနည်း ရလာတယ်၊ ကျွန်တော်တို့ အပေါ်စပြီး ပိုယုံကြည်လာတယ်။ တစ်ပြိုင်တည်းမှာလည်း ကျွန်တော် တို့အကျဉ်းသားတွေက သူတို့စိတ်ကျေနပ်အောင် အမြဲကြိုးစားနေကြ တာကိုး။ သူတို့ ဘာပဲလိုအပ်လိုအပ် ကျွန်တော်တို့ လုပ်ပေးဖို့ ကြိုးစား တယ်။ သူတို့ ကျေနပ်အောင်လုပ်မှ ကျွန်တော်တို့ကို အစားအစာ နည်း နည်းပိုပေးမှာလေ။

တကယ်တော့ ပေါ်တာတွေကို စစ်သားတွေ ဆိုးဆိုးရွားရွားဆက်ဆံ တဲ့ အကြောင်းရင်းတစ်ခုက စစ်သားအများစုက သူတို့ဆန္ဒမပါဘဲ

စစ်တပ်ထဲ ဝင်ခဲ့ကြရတာကြောင့်လို့ ကျွန်တော် ယုံကြည်တယ်။ စစ်ထဲဝင်ရင် ထောင်က လွှတ်ပေးတယ်ဆိုတာ ထောင်ကျနေတဲ့ တချို့အကျဉ်းသားတွေက သိကြတယ်။ အဲဒီနည်းအတိုင်း တချို့လူတွေ ထောင်က လွှတ်သွားကြတာ။ တချို့ စစ်သားတွေက အရမ်းငယ်သေးတယ်။ ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်အရွယ်တွေ။ အဲဒီအချိန်က ကျွန်တော့်အသက်က သုံးဆယ်ဝန်းကျင်ရှိနေပြီ။ တချို့စစ်သားလေးတွေမှာ အဖေအမေ မရှိကြဘူး။ စစ်တပ်က သူတို့ကို ဘယ်လို ပြောလဲဆိုတော့ 'မင်းတို့ လာသာလာခဲ့။ မင်းတို့တပ်ထဲ ဝင်ရင် မင်းတို့ကို ငါတို့ ပြုစုစောင့်ရှောက်မယ်'လို့ ပြောတာ။ အဲဒီတော့ ကလေးတွေ စစ်ထဲဝင်ကြတယ်။ ဒါပေမဲ့ စစ်သားတွေ တပ်ကထွက်ပြေးရင် စစ်ပြေးမှုနဲ့ ဖမ်းဆီးထောင်ချခံရတယ်။

စစ်တပ်ထဲမှာ အရာရှိတွေရဲ့ဘဝက အောက်ခြေစစ်သားတွေရဲ့ဘဝနဲ့ အရမ်းကိုကွာတယ်။ အရာရှိလစာက ကျပ်တစ်သိန်းဝန်းကျင်ရှိပေမဲ့ ရိုးရိုးစစ်သားတွေလစာက ကျပ်သုံးသောင်းလောက်ပဲ ရှိတယ်။ အဲဒီလောက် လစာငွေနဲ့ မြန်မာနိုင်ငံမှာ ရှင်သန်လို့မရဘူးဗျ။ အောက်ခြေစစ်သားတွေ လစာက နည်းလွန်းတယ်၊ တိုးပေးသင့်တယ်။ ပြီးတော့ အရာရှိတွေက အောက်လက်ငယ်သားတွေကို အရမ်းကို ရက်ရက်စက်စက် အုပ်ချုပ်တာဗျ။ သူတို့ဘာလုပ်ချင်လုပ်ချင် လုပ်လို့ရတယ်၊ လုပ်ခွင့်ရှိတယ်။ အောက်ခြေ ရဲဘော်တွေကျတော့ တင်းကြပ်တဲ့ စည်းကမ်းတွေအောက်မှာ နေကြရတာ။ သူတို့တပ်က ထွက်ပြေးရင် ထောင်ချခံရတယ်။

ကျွန်တော်တို့ ရိက္ခာထုတ်တွေ သယ်နေတဲ့အချိန်မှာ အောက်ခြေစစ်သားတွေကိုယ်တိုင်လည်း အရမ်းပင်ပန်းကြတယ်။ တကယ်လို့ ပေါ်တာတစ်ယောက် ဆက်မသယ်နိုင်တော့ဘူးဆိုရင် စစ်သားတွေက သယ်ရတာဆိုတော့ မသယ်နိုင်တော့တဲ့ ပေါ်တာကို သတ်လိုက်ကြရော။

ကျွန်တော်ထင်တာတော့ အဲဒီလိုလုပ်ဖို့ အရာရှိတွေက ခိုင်းတယ်ထင်တာပဲ။ 'ပေါ်တာတွေကို မင်းတို့သူငယ်ချင်းတွေလို သဘောမထားနဲ့။ သူတို့က အကျဉ်းသားတွေ၊ သူခိုးတွေ၊ လူသတ်သမားတွေကွ၊ သူတို့ကို ဘာအခွင့်အရေးမှမပေးနဲ့ နားလည်လား'လို့ အရာရှိတွေက စစ်သားတွေကို ပြောတယ်။

တကယ်တော့ အကျဉ်းသားအများစုက လူသတ်မှုနဲ့ ထောင်ကျလာကြတာ မဟုတ်ဘူး။ သူတို့ ကျူးလွန်တဲ့အမှုလေးတွေက ချဲမှုလို အသေးအမွှားလေးတွေလေ။ မြန်မာနိုင်ငံမှာ ချဲထီက တရားမဝင်ဘူး။ တစ်ယောက်ယောက်က ချဲရောင်းတာနဲ့ ထောင်တစ်နှစ်ခွဲ၊ နှစ်နှစ် အချခံရနိုင်ပြီး ပေါ်တာအဖြစ် ရှေ့တန်းအပို့ခံရနိုင်တယ်။

ကျွန်တော် အသက်ရှင်ဖို့အတွက် အသုံးပြုခဲ့တဲ့ဗျူဟာကတော့ စစ်သားတွေ သဘောကျအောင်နေတယ်၊ သူတို့နဲ့ အဆင်ပြေအောင် ပေါင်းတယ်။ ပေါ်တာတစ်ယောက်အနေနဲ့ အချိန်မရွေး သေသွားနိုင်တယ်။ ဥပမာ စစ်သားတစ်ယောက်က စိတ်ဆိုးပြီး ကျွန်တော့်ကို သေနတ်နဲ့ပစ်မယ်ဆိုရင် အဲဒီစစ်သား ဘာမှမဖြစ်ဘူး။ ကျွန်တော်သာ ကြက်တစ်ကောင်လို၊ ကြွက်တစ်ကောင်လို သေသွားမှာ။ တနင်္သာရီတိုင်းထဲကို နှစ်တိုင်း တစ်နှစ်ကို ပေါ်တာ ငါးရာလောက် အစိုးရက ပို့တယ်။ အဲဒီပေါ်တာငါးရာထဲက လူတစ်ရာတောင် အကျဉ်းထောင်ကို ပြန်မရောက်ဘူး။ ခင်ဗျား မသေသေးရင် မသေသေးဘူးမှတ်ပဲ။

*

ဝါးလုံးတွေနဲ့ကာထားတဲ့ မြေကျင်း

စစ်တပ်စခန်းမှာနေရတဲ့ဘဝက အမြဲကြမ်းတမ်း ခက်ခဲနေတာ။ စစ်သားတွေက ကျွန်တော်တို့ကို ထမင်းနည်းနည်းပဲကျွေးသလို အဝတ်ဆိုလည်း ကျွန်တော်တို့ စခန်းကိုလာတုန်းက ဝတ်လာခဲ့တဲ့အဝတ်တွေပဲ ဝတ်နေရတာ။ ကျွန်တော်တို့သယ်ရတဲ့ပစ္စည်းတွေက လေးလွန်းတော့ စခန်းကိုလာတဲ့ လမ်းမှာပဲ အပိုယူလာခဲ့တဲ့ အဝတ်တွေကို လွှင့်ပစ်လိုက်ကြတယ်။ ပါလာခဲ့တဲ့ ဝတ်စုံတစ်စုံကိုပဲ ကျွန်တော်တို့ ခြောက်လလုံးလုံး ဝတ်နေကြရတာ။

ကျွန်တော်တို့စခန်းကိုရောက်ပြီး ငါးလလောက်ကြာတော့ စခန်းမှာ အရာရှိတစ်ယောက် စိတ်ဖောက်သွားသေးတယ်။ တစ်ညတော့ ညနှစ်နာရီ လောက်ကြီးမှာ အဲဒီအရာရှိ အပြင်ထွက်သွားတာကို သူတို့ လိုက်ရှာတာ ရှာလို့မတွေ့ကြဘူး။ နောက်ဆုံးတော့ သစ်ပင်တစ်ပင်အောက်မှာ အဲဒီအရာရှိကို သူတို့ ရှာတွေ့ကြတယ်။ အဲဒီမှာ သူက ထိုင်ပြီး စဉ်းစားနေတာဗျ။ ကျွန်တော်တို့ပေါ်တာတွေကတော့ ဘာဖြစ်တယ်ဆိုတာ ဘယ်သူမှ သေချာမသိကြဘူး၊ ဒါပေမဲ့ ကျွန်တော်တို့မြင်တွေ့ရတာကတော့ သူတို့ အဲဒီအရာရှိကို ခေါ်သွားပြီး အချုပ်ထဲ ထည့်ထားလိုက်ကြတယ်။ အချုပ်ဆိုတာကတော့ မြေကြီးထဲမှာ တွင်းတူးပြီး ဝါးလုံးတွေနဲ့ ခြံခတ်ထားတာပါပဲ၊ အဲဒီအထဲမှာ သူ့ကိုထည့် ထားကြတာ။

တစ်နေ့တော့ အခြေအနေက ပြောင်းလာတယ်။ အဲဒီအချိန် ကျွန်တော်က အကျဉ်းသားတွေအတွက် ထမင်းချက်တာဝန် ကျနေတယ်။ အဲဒီနေ့က ကျွန်တော်တို့ပေါ်တာတွေအတွက် ရိက္ခာခွဲတမ်း အပြည့်မရဘူး။ အကျဉ်းသားတွေက အဲဒီအကြောင်း ဗိုလ်မှူးကို သွားတိုင်ကြတယ်။ အဲဒီမှာ ဗိုလ်မှူး လာစစ်ပါလေရော။ ဗိုလ်မှူးက ကျွန်တော့်ကို

ခေါ်ပြီး မေးတယ် 'ပေါ်တာတွေအတွက် ငါ ထုတ်ပေးတဲ့ ဆန်အကုန်လုံး မင်း ချက်လား'။ ဆန်နည်းနည်းပဲ ချက်စရာ ကျန်ပါတယ်လို့ ကျွန်တော် ရှင်းပြလိုက်တယ်။

'ဘယ်သူက အဲဒီနည်းနည်းပဲ ချန်ထားခဲ့တာလဲ'လို့ ဗိုလ်မှူးက မေး တယ်။

'တပ်ကြပ်ပါ'လို့ ကျွန်တော်ဖြေလိုက်တယ်။

'ကျန်တာတွေ ဘယ်ရောက်သွားလဲ'တဲ့။

အမှန်အတိုင်း ကျွန်တော် ပြောလိုက်ရတယ်။ ဆန်တွေကို တပ်ကြပ် ယူသွားတယ်ဆိုတာ ဗိုလ်မှူးကို ကျွန်တော် ဝန်ခံလိုက်ရတယ်။ အဲဒီကိစ္စ ကို ဗိုလ်မှူးက အရမ်းဒေါသထွက်သွားပြီး၊ တပ်ကြပ်ကို ပြင်းပြင်းထန်ထန် အပြစ်ပေးလိုက်တယ်။ အဲဒီမှာ တပ်ကြပ်က ကျွန် တော့်ကို စိတ်ဆိုးပါလေရော။

'မင်းက ငါ့အကြောင်း သွားတိုင်တယ်ပေါ့ ဟုတ်လား'လို့ ပြောတယ်။

'မဟုတ်ပါဘူး ကျွန်တော် မတိုင်ပါဘူး' ဆိုတော့။ ကျွန်တော့်ကို ပါးရိုက်ပြီး မင်း ငါ့ကို ဘာမှပြန်ပြောခွင့်မရှိဘူးတဲ့။

ပြီးတော့ ကျွန်တော့်ကိုပြောတယ် 'ဒီတစ်ခါ ရိက္ခာသယ်ခရီးအတူ ထွက်ရရင် မင်းကို ငါ သတ်မယ်'တဲ့။

ကျွန်တော် အရမ်းကြောက်သွားတယ်။ စစ်စခန်းဝန်းကျင်မှာ စစ်သားတွေအတွက် ပေါ်တာကို သတ်ဖို့က အရမ်းလွယ်ကူတယ်။ အဲဒီ အချိန်မှာ ပေါ်တာက စုစုပေါင်း ၉၇ ယောက်ပဲ ကျန်တော့တာ။ ကျွန် တော့် သူငယ်ချင်းတွေက ကျွန်တော့်ကို ထွက်ပြေးဖို့ တိုက်တွန်းကြ တယ်။ ဒီတစ်ခါ ရိက္ခာသယ် ခရီးထွက်ရရင် သူတို့လည်း ကျွန်တော်နဲ့

လိုက်လာပြီး ကျွန်တော်စခန်းကနေ ထွက်ပြေးနိုင်အောင် ကူညီမယ်လို့ ပြောကြတယ်။ ဒါက ကျွန်တော်ထွက်ပြေးဖို့အတွက် အခွင့်အရေးပဲလို့ ကျွန်တော်လည်း ထင်တယ်။ ဒီမှာ ဆက်နေမယ်ဆိုရင် ကျွန်တော် သေဘေးက မလွတ်နိုင်ဘူးဆိုတော့ ကျွန်တော့်မှာ ထွက်ပြေးဖို့ကလွဲရင် တခြား ရွေးချယ်စရာလမ်းမရှိဘူး။ သေရင်မြေကြီး၊ ရှင်ရင်ရွှေထီးလို့ပဲ ကျွန်တော် စဉ်းစားလိုက်တော့တယ်။

*

သန်မာတဲ့ကြွက်သား

ဇူလိုင်လကုန်ရင် အဲဒီစခန်းမှာ ကျွန်တော်တို့ရောက်နေတာ ခြောက်လ ပြည့်ပြီ။ စစ်သားတွေကလည်း ကျွန်တော်တို့ ထွက်မပြေးတော့ဘူးလို့ ယုံကြည်မှုရှိလာတဲ့အချိန်ပေါ့။ မနက်စာကို ၁၁ နာရီမှာ ကျွန်တော်တို့ ပုံမှန်စားကြတယ်။ လူတွေအားလုံး မနက်စာစားတဲ့နေရာမှာ စားနေကြတယ်။ ကင်းသမားတွေလည်း မနက်စာစားနေကြတယ်။ အဲဒီအချိန်မှာ ကျွန်တော် ထွက်ပြေးတယ်။ ချောင်းရှိတဲ့နေရာကို ကျွန်တော် စုန်ပြီး ပြေးခဲ့တယ်။ ဒီပတ်ဝန်းကျင်မှာ ကျွန်တော်နေတာ ခြောက်လနီးပါး ရှိနေပြီဆိုတော့ မြို့ကို ဘယ်လမ်းက သွားရမယ်ဆိုတာ ကျွန်တော် သိနေပြီလေ။ ဒါပေမဲ့ လမ်းပေါ်ကတော့ ကျွန်တော် မလျှောက်ရဲဘူး၊ လမ်းနားကပ်ပြီး လျှောက်တယ်။ နောက်ထပ်သုံးရက်ကြာတဲ့အထိ ကျွန်တော် ဆက်လျှောက်တယ်။ ညဖက်တွေမှာ မြေကြီးပေါ်မှာပဲ အိပ်တယ်။ ပေါ်တာဘဝမှာ ကျွန်တော်တို့ အိပ်နေကျအတိုင်းပဲပေါ့။ အစားအစာကတော့ ငှက်ပျောအူတွေ ကျွန်တော် စားတယ်။ ငှက်ပျောအူကျေးဇူးကြောင့်

ကျွန်တော် မသေခဲ့တာ။

အဲဒီလမ်းလျှောက်ခဲ့ရတဲ့ သုံးရက်အတွင်းမှာ ပေါ်တာတစ်ယောက်ရဲ့ နိမ့်ကျလှတဲ့ဘဝနဲ့ အလွယ်လေး သေသွားနိုင်တဲ့ဘဝကို ကျွန်တော် စဉ်းစားနေမိတယ်။ သေသွားတဲ့သူငယ်ချင်းတွေအကြောင်း ကျွန်တော် စဉ်းစားတယ်။ သူတို့ထဲက တချို့က ကြွက်သားခွန်အား အရမ်းသန်မာတဲ့လူတွေ၊ ဘယ်လိုပဲ ခွန်အားကြီးကြီး သူတို့ သေကြရတာပဲ။ သူတို့သေကြရတာ သူတို့ စိတ်ဓာတ် ခွန်အားမရှိလို့ ဒါမှမဟုတ် သံယောဇဉ်မထားတတ်ကြလို့ ဖြစ်ကောင်းဖြစ်မယ်။ ပေါ်တာတစ်ယောက်အဖြစ် ကျွန်တော် ရင်ဆိုင်ကြုံတွေ့ခဲ့ရတာတွေကို ပြန်စဉ်းစားကြည့်မိတော့ ကျွန်တော် မသေဘဲ အသက်ရှင်သန်ခဲ့ရတာ ကျွန်တော့် အမေနဲ့အဖေကို ချစ်တဲ့စိတ်ကြောင့်ပဲဆိုတာ ကျွန်တော်ထပ်ပြီး နားလည်လာခဲ့ရတယ်။ ကျွန်တော်သာ သူတို့ကို မချစ်ခဲ့ဘူးဆိုရင်၊ တကယ်လို့ ကျွန်တော့် မှာ ချစ်စရာ၊ ပြုစုစောင့်ရှောက်စရာ အဖေအမေသာ မရှိခဲ့ဘူးဆိုရင် ကျွန်တော် လည်း သေရမှာပဲ။ ဒါပေမဲ့ ခု ကျွန်တော် ရှင်သန်ခဲ့တယ်၊ သေဘေးကနေ ကျွန်တော် လွတ်မြောက်ခဲ့တယ်။

*

ဒီမှာ ဒုက္ခသည်တွေကို ကာကွယ်ပေးတဲ့ ဥပဒေမရှိဘူး

ကျွန်တော် မြို့ကို ရောက်တော့ ကျောင်းဆရာတစ်ယောက်က ကျွန်တော့်ကို ကူညီခဲ့တယ်။ သူ့အိမ်မှာ ကျွန်တော့်ကို တည်းခိုခွင့်ပေးခဲ့တယ်။ သူကပဲ ကျွန်တော့်ကို စောင့်ရှောက်ခဲ့ပြီး၊ မြန်မာနိုင်ငံ တောင်ဘက်

အစွန်ဆုံး မြို့ဖြစ်တဲ့ ကော့သောင်းကို ရောက်အောင် ကူညီခဲ့တယ်။ မလေးရှားကို သွားဖို့ ကျွန်တော် ဆုံးဖြတ်ခဲ့တယ်။ အဲဒီမှာက ချင်းတွေ အများကြီးရှိတယ်၊ ပြီးတော့ ကျွန်တော့်အစ်မနဲ့ ကျွန်တော့်ညီတွေလည်း ရှိတယ်။ သူတို့က ကျွန်တော် အဖမ်းမခံရခင်ကတည်းက မလေးရှားကို ရောက်နေကြတာ။

ကော့သောင်းမှာ မလေးရှားကို လူပို့တဲ့လူပွဲစားရှိတယ်။ တစ်ယောက်ကို ကျပ်ကိုးသိန်း ပေးရတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ ပေးစရာ ငွေမရှိဘူး။ အဲဒါနဲ့ ပွဲစားက ကျွန်တော့်အတွက် စိုက်ပေးထားပြီး၊ မလေးရှားရောက်မှ ကျွန်တော့်အစ်မက သူစိုက်ထားတဲ့ပိုက်ဆံ သူ့ကိုပြန်ပေးမယ်ဆိုတာ သဘောတူတယ်။ ကော့သောင်းကနေ ထိုင်းနိုင်ငံ ရနောင်းမြို့ကို အရင်သွားရတယ်။ ကျွန်တော် မြန်မာနိုင်ငံက ထွက်လာတာ ဩဂုတ်လ ၂၀၀၆ ခုနှစ်မှာပေါ့။ ရနောင်းက မလေးရှားနယ်စပ်နားမှာလေ၊ ရနောင်းကို လှေနဲ့ ငါးနာရီ ခြောက်နာရီလောက် စီးသွားရတယ်။ လှေပေါ်မှာ ကျွန်တော်တို့အားလုံးပေါင်း လူ နှစ်ဆယ်လောက် ရှိတယ်။ လှေပေါ်မှာပါတာက မွန်နဲ့ကရင်လူမျိုးတွေ။ သူတို့လည်း ပွဲစားကတဆင့် မလေးရှားကို သွားမယ့်လူတွေပဲ။ ကော့သောင်း ရောက်တဲ့အထိ ကျွန်တော်ကြောက်နေတုန်းပဲဗျ။ ဒါပေမဲ့ ထိုင်းကိုရောက်တာနဲ့ ကျွန်တော့်စိတ်ထဲက အလုံးကြီးကျသွားတယ်။ ကျွန်တော့်မှာရှိနေတဲ့ ကြောက်စိတ်တွေ လွင့်ပျယ်သွားတယ်။

ထိုင်း-မလေးရှား နယ်စပ်ကိုဖြတ်ပြီး မလေးရှားနိုင်ငံထဲကို ဝင်တော့ ကျွန်တော့်ကို ကားထဲထည့်ပြီး ခေါ်သွားကြတာ။ ကျွန်တော်နဲ့အခြားတစ်ယောက်ကို ကားနောက်ဘက် ထိုင်ခုံတွေနောက်က ကားကြမ်းခင်ပေါ်မှာ ထိုင်ခိုင်းပြီး သူတို့ ခေါ်သွားကြတာ။ အဲဒီနည်းအတိုင်း ကျွန်တော်တို့ မလေးရှား နိုင်ငံထဲ ဝင်ခဲ့ကြတာ။

မလေးရှားမှာနေရတာကတော့ ကျွန်တော့်အတွက် အခြားဘဝ တစ်ခုမှာ နေရသလိုပဲ။ ကျွန်တော့်မှာ ဘဝနှစ်ခုရှိတယ်လို့ ကျွန်တော် ထင်တယ်။ တကယ်ကို ထူးခြားပြီး၊ ကျွန်တော်ကံကောင်းတာပေ့ါ။ အရင်ကဆို ကျွန်တော် သေတော့မှာပဲလို့ ထင်ခဲ့တာ။ ဒါပေမဲ့ အခုကျွန်တော် ရှင်သန်ခွင့်ရနေတုန်းပဲ မဟုတ်လား။ မလေးရှားမှာ ကျွန်တော်ရုန်းကန်နေရပေမဲ့ မလေး ရှားက ကျွန်တော့်အတွက် တစ်ခုတည်းသော မျှော်လင့်ချက်ပါပဲ။ ဒီမှာ ကျွန်တော်တို့ အခက်အခဲမျိုးစုံ ပြဿနာမျိုးစုံနဲ့ ရင်ဆိုင်ကြရတယ်၊ ဒါပေမဲ့ အဲဒါက ဘဝသစ်တခုမှာ ပြန်လည်ရှင်သန်နိုင်ဖို့ ကျွန်တော့်ကို စမ်းသပ်နေ တာလည်း ဖြစ်နိုင်ပါတယ်။

မလေးရှားမှာ ချင်းတွေရောက်နေကြတာ ကြာပြီဆိုတော့ ၁၉၈၉ ခုနှစ်ကတည်းက မလေးရှားနိုင်ငံအကြောင်း ကျွန်တော် စပြီးကြားဖူးတယ်။ ပြီးတော့ ဗွီဒီယိုခွေတွေထဲမှာလည်း မလေးရှားကို တွေ့ဖူးမြင်ဖူးတယ်။ ဗွီဒီယို ခွေတွေထဲမှာတုန်းက မလေးရှားက အိမ်တွေက အရမ်းကောင်းတယ်၊ မလေးရှားရဲတွေကလည်း အရမ်းသဘောကောင်းတယ်လို့ ထင်ရတယ်။ ပြီးတော့ လမ်းတွေကလည်း အရမ်းကို ကောင်းတာပဲ။ အဲဒါကြောင့် မလေးရှားက နေလို့အရမ်းကောင်းမှာပဲလို့ ကျွန်တော်ထင်တာ၊ ဟုတ်တယ် မဟုတ်လား။ ဒါပေမဲ့ တကယ်တမ်းလည်း ကျွန်တော် ဒီကိုလာရော ဒီမှာပြဿနာမျိုးစုံကို တွေ့ရတယ်။ ကျွန်တော်တို့ဗွီဒီယိုထဲမှာ မြင်ရတာနဲ့ ကွာခြားနေတယ်။ ဒီမှာ နေထိုင်ဖို့ အရမ်းခက်ခဲတယ်။ ကျွန်တော်တို့ညဖက်အပြင်ထွက်ရင် လုယက်တဲ့ လူတွေနဲ့ ရင်ဆိုင်ရတယ်၊ သူတို့က ကျွန်တော်တို့မှာ ပါတဲ့ပစ္စည်းတွေ လုယူသွားတာပဲ။ ပြီးတော့ ရဲကိုလည်း ကြောက်ရသေးတယ်။ မလေးရှားက မလေးလူမျိုးတွေအတွက်ပဲဗျ၊ ဒုက္ခသည်တွေကို အကာအကွယ်ပေးမဲ့ဥပဒေ လုံးဝမရှိဘူး။ သူတို့ ကျွန်တော်တို့အပေါ် ဘာပဲလုပ်ချင်လုပ်ချင် လုပ်လို့ရတယ်၊

ဒီမှာ ကျွန်တော်တို့အတွက် လုံခြုံမှု လုံးဝမရှိဘူး။

တစ်နေ့ ကျွန်တော် သင်္ချိုင်းကိုသွားပြီး ကျောက်တိုင်တွေ လျှောက်ကြည့်မိတယ်။ အဲဒီမှာ မလေးရှားမှာ သေဆုံးသွားတဲ့ ချင်းလူမျိုးတချို့ကို တွေ့ရတယ်။ သူတို့အသက်တွေ ဆယ့်ကိုး၊ နှစ်ဆယ်၊ နှစ်ဆယ့်ရှစ်ဆိုတာ လည်း မြင်ရတယ်။ ချင်းအချို့က မြန်မာနိုင်ငံလည်း မပြန်ရဲ၊ မလေးရှားမှာလည်း နေ့စဉ်ကြုံတွေ့နေရတဲ့အခက်အခဲတွေကို ဆက်ပြီးရင်ဆိုင်နိုင်စွမ်း မရှိတော့လို့ ကိုယ့်ကိုယ်ကို သတ်သေသွားကြတာ။ မလေးရှားမှာ သေသွားကြတဲ့ ချင်းလူမျိုးတွေရဲ့ ၉၈ ရာခိုင်နှုန်းက အသက်သုံးဆယ်အောက်တွေလို့ ကျွန်တော် ထင်တယ်။ အဲဒီလူအကုန်လုံးတော့ သတ်သေတာ မဟုတ်ဘူး ပေါ့ဗျာ၊ တချို့ကို ပြောတာပါ။ မြန်မာနိုင်ငံမှာ သူတို့ဘဝအတွက် လုံခြုံမှု မရှိလို့ ဒီကို ထွက်ပြေးလာကြတာ၊ ဒီရောက်တော့ ပိုပြီးဆိုးနေတယ်။ သူတို့ အလုပ်လုပ်ကြတယ်၊ ဒါပေမဲ့ နှစ်လသုံးလ လုပ်ပြီးတဲ့အထိ သူဌေးက လုပ်ခမပေးဘူး။ သူတို့က စားစရိတ် နေစရိတ်အတွက် ပိုက်ဆံပေးနေကြရတာ၊ လုပ်ခမရတော့ ဘယ်လိုလုပ်မလဲ။ အဲဒါမျိုးတွေက သူတို့အမြဲရင်ဆိုင်နေကြ ရတဲ့ ပြဿနာမျိုးတွေလေ၊ ဒဏ်မခံနိုင်တော့တဲ့အခါ သူတို့ထဲက တချို့က ကိုယ့်ကိုယ်ကို သတ်သေသွားကြတယ်။

ကျွန်တော်လည်း အလုပ်နဲ့ပတ်သက်ပြီး ပြဿနာရှိတယ်။ တစ်ခါတစ်လေ သူဌေးက ကျွန်တော်တို့ကို နှစ်လကြာလို့လည်း လုပ်ခ ရှင်းမပေးဘူး။ အဲဒါမျိုးကြုံရရင် တခြားအလုပ်ပြောင်းဖို့ ကြိုးစားရတယ်။ ကျွန်တော်ကံကောင်းတာက နိုင်ငံခြားမှာ ရောက်နေတဲ့ ကျွန်တော့်ညီအစ်ကိုမောင်နှမတွေက ကျွန်တော့်ကို လှမ်းပြီး ထောက်ပံ့နေလို့ပေါ့။ တကယ်လို့ သူတို့သာ နိုင်ငံခြားမှာ ရောက်မနေဘူးဆိုရင် ကျွန်တော် ဒီမှာ ရပ်တည်ရှင်သန်နိုင်မှာ မဟုတ်ဘူး။ အခန်းတစ်ခန်းမှာ လူအ

ယောက်သုံးဆယ်လောက်နေကြရတာ။ လင်မယားနှစ်ယောက်က ဒီနား မှာ နေမယ်၊ တခြားလင်မယားနှစ်ယောက်က ဟိုဖက်နားမှာ နေမယ်၊ ကလေးတွေက ဒီဖက်မှာ။ အဲဒီလို လူအားလုံး အခန်းကျယ်ကြီးတစ်ခန်း ထဲမှာ စုပြုံပြီး နေကြရတာဗျ။ ဒီမလေးရှားမှာ ဒါ မျိုးတွေ အများကြီး။ ဒုက္ခသည်အားလုံးက ကျွန်တော် နေသလိုပဲ နေကြရတာ။

ကျွန်တော်တို့မှာ မြန်မာနိုင်ငံကနေ ဒီကိုရောက်နေတဲ့တိုင်းရင်းသား လူမျိုးစုတွေအတွက် COBEM ဆိုတဲ့ တပ်ပေါင်းစုအဖွဲ့ရှိတယ်။[၁၀] အဲဒီ မှာ တိုင်းရင်းသားတွေ စုပေါင်းဆောင်ရွက်ကြတယ်။ အလုပ်ပြီးရင် COBEM မှာ ကျွန်တော်တို့ တွေ့ကြတယ်။ အဲဒီတပ်ပေါင်းစုမှာ ပါတဲ့အဖွဲ့ တွေထဲမှာ ချင်းအဖွဲ့က အကြီးဆုံးဆိုတော့ ကျွန်တော်တို့ ချင်းတွေက ခေါင်းဆောင်တွေ လို ဖြစ်နေတာပေါ့။

ကျွန်တော်တို့ ဒီမှာနေရတဲ့အခြေအနေက သူငယ်ချင်းရဖို့ ခက် တယ်။ ကျွန်တော့်မှာ မလေးလူမျိုးသူငယ်ချင်း တစ်ယောက်မှ မရှိဘူး။ ကျွန်တော်တို့ အပေါ်ထားတဲ့ သူတို့သဘောထားကြောင့် မလေးလူမျိုး တွေနဲ့ သူငယ်ချင်း ဖြစ်ဖို့ဆိုတာ အရမ်းခက်ခဲတယ်။ အလုပ်လုပ်တဲ့ အချိန်လေးတစ်ခုပဲ သူတို့နဲ့ ကျွန်တော်တို့ စကားပြောကြတာ။

ချင်းဒုက္ခသည်အဖွဲ့ (CRC) မှာ ခု ကျွန်တော် ဝင်ကူလုပ်ပေးနေတယ်။ ကျွန်တော် ဒီမှာ အလုပ်လုပ်တာ နှစ်လရှိပြီ။ ဒီမှာ မလုပ်ခင်က ဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ လုပ်တယ်။ တစ်ခါတစ်လေ ကျွန်တော် ဒီရုံးကို အလည်လာတယ်။ တစ်ခါတစ်လေ လာလည်တယ်။ ဒါမှမဟုတ် တခြားသူတွေအတွက် ဘာသာပြန်ပေးတဲ့အခါ ရောက်တယ်။ ချင်း ဒုက္ခသည် တွေအတွက် ဒီမှာ အခမဲ့ဆေးခန်းတချို့ ရှိတယ်။ ဆေးခန်း သွားပြတဲ့လူတွေကို ဘာသာပြန်ပေးဖို့ တစ်ခါတစ်လေဆေးခန်းကို

ကျွန်တော် လိုက်သွားတယ်။ ဒုက္ခသည်တွေ ရင်ဆိုင်နေရတဲ့ ပြဿနာမျိုးစုံကို ကူညီဖြေရှင်းပေး နိုင်လို့ ခုဆို ဒီမှာအလုပ်လုပ်ရတာ ကျွန်တော်ပျော်နေပြီဗျ။ ဥပမာ ချင်း အမျိုးသမီးတချို့ မြို့ထဲက စားသောက်ဆိုင်မှာ အလုပ်လုပ်ရင်း မုဒိမ်းကျင့်ခံရတယ်။ အဲဒီအခါမှာ သူတို့က ကျွန်တော်တို့ဆီ အရင်လာကြတာ။ ပြီးမှ ကျွန်တော်တို့က သူတို့ကို UNHCR (ဒုက္ခသည်များမဟာမင်းကြီးရုံး)နဲ့ ရဲကို အကြောင်းကြားဖို့ အကူအညီပေးကြရတာ။ အဲဒီလိုမျိုးပေါ့နော်။ ဒုက္ခရောက်နေတဲ့ လူတွေကို တစ်ခုခုကူညီနိုင်တဲ့အခါ ကျွန်တော် အရမ်းဝမ်းသာတယ်။

ကျွန်တော်တို့ ဒီချင်းဒုက္ခသည်ရုံးမှာလည်း လုံခြုံရေး စိတ်မချရပါဘူး။ ဒီလိုပဲ စွန့်စားကြရတာ။ ဒီကို ရဲတွေတော့ မလာဘူး။ တရားမဝင်နားလည်မှုယူထားတဲ့သဘောပေါ့။ တကယ်လို့ ရဲတွေက CRC လက်မှတ်ရှိတဲ့ ဒုက္ခသည်တစ်ယောက်ကို ဖမ်းလိုက်တယ်ဆိုရင် သူတို့ ကျွန်တော်တို့ဆီ ဖုန်းနဲ့ အကြောင်းကြားတယ်။ အဲဒါဆို ဖမ်းထားတဲ့ဒုက္ခသည်ကို လွှတ်ပေးဖို့ သူတို့ကို ကျွန်တော်တို့က တောင်းပန်ရတယ်။ များသောအားဖြင့် ကျွန်တော်တို့ တောင်းဆိုချက်ကို လိုက်လျောပြီး သူတို့ ပြန်လွှတ်ပေးလိုက်တာ များပါတယ်။ ပြီးတော့ ဒုက္ခသည်တွေ အဖမ်းခံရတဲ့အခါ ကျွန်တော်တို့ကို လိုက်ပြီးကူညီတဲ့ NGO (အစိုးရမဟုတ်တဲ့အဖွဲ့)တွေလည်း ရှိပါတယ်။

(၁၀)-မြန်မာနိုင်ငံတိုင်းရင်းသားတပ်ပေါင်းစု-မလေးရှား(COBEM) က မလေးရှားရောက် မြန်မာနိုင်ငံက တိုင်းရင်းသားတွေဖြစ်တဲ့ ချင်း၊ ကချင်၊ ရခိုင်၊ ရှမ်း၊ ကရင်၊ မွန်နဲ့ ကရင် နီ တိုင်းရင်းသားလူမျိုးစုတွေကို ကိုယ်စားပြုထားတဲ့ တပ်ပေါင်းစုဖြစ်တယ်။

ခြုံပြီးပြောရရင်တော့ မလေးရှားမှာ ချင်းလူမျိုးတွေက

အသိုင်းအဝိုင်း တောင့်တယ်။ တခြားနေရာတွေမှာ ဒီလိုဟုတ်ချင်မှဟုတ်မယ်။ ဒီမလေးရှား မှာတော့ ချင်းလူမျိုးတွေ အရမ်းကို ဒုက္ခရောက်ကြတယ်။ သူတို့က ဒုက္ခသည် တွေဆိုတော့ ဒုက္ခသည်လိုနေပြီး ဒုက္ခသည်လိုပဲ စားကြရတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ချင်းလူမျိုးတစ်ယောက် ဒီမှာ သေဆုံးရင်တော့ ချင်းအသိုင်းအဝိုင်းက အသုဘအခမ်းအနား ဝိုင်းလုပ်ပေးကြတယ်။ အဲဒါက ရင်းဂစ်တစ်သောင်း လောက် ကုန်တယ်။ ကျွန်တော်တို့အတွက် အင်မတန်များပြားတဲ့ ငွေပမာဏ ပေါ့။[၁၁] ဒါပေမဲ့ အသိုင်းအဝိုင်းတစ်ခုလုံးနဲ့ ဆိုင်တဲ့ကိစ္စဆိုတော့ ဒီလိုပဲ ကုန်ကျစရိတ်အတွက် ဝိုင်းထည့်ကြတာပေ့ါ။ ကျွန်တော်တို့တွေက ဟိုးအရင်ခေတ်တွေ ကတည်းက တစ်ယောက်နဲ့တစ်ယောက် ခွဲဝေသုံးစွဲတဲ့ အလေ့အကျင့်ရှိခဲ့ကြ တာကိုး။ အဲဒီဓလေ့က ကျွန်တော်တို့ ဘိုးဘေးဘီဘင်တွေ လက်ထက်က တည်းက ချင်းပြည်နယ်မှာ ကျင့်သုံးခဲ့ကြတာ။

*

ကျွန်တော့်စိတ်တွေ ပုံမှန်ပြန်ဖြစ်နေပြီလို့

တစ်ခါတလေ စဥ်းစားမိတာပဲ

ဒုက္ခသည်တွေအဖြစ် တတိယနိုင်ငံမှာ ရွှေ့ပြောင်းအခြေချနေထိုင်ဖို့ ကျွန်တော်တို့မိသားစုတစ်စုလုံး လျှောက်လွှာတင်ထားတယ်။ မြန်မာနိုင်ငံမှာ တုန်းက အဖမ်းမခံရခင်လေးတင်ပဲ ကျွန်တော် လက်ထပ်ခဲ့တာပေ့ါ။ ၂၀၀၇ ခုနှစ်မှာ ကျွန်တော့်ဇနီးလည်း မလေးရှားကိုလိုက်လာတယ်။ သူ လိုက်လာတာ ကျွန်တော် ရောက်ပြီး တစ်လခွဲအ

ကြာမှာ။ ခုကျွန်တော်တို့မှာ ကလေးနှစ်ယောက်ရှိတယ်၊ သားလေးနဲ့ သမီးလေး။ တစ်ယောက်က သုံးပတ်ပဲ ရှိသေးတယ်။ နောက်တစ်ယောက်က တစ်နှစ်နဲ့တစ်လရှိပြီ။

ကျွန်တော်တို့အတွက် ပုံမှန်ဘဝလေးတစ်ခု ပြန်ရချင်ပါတယ်။ ကျွန်တော် ထောင်ကျနေတုန်းက မိသားစုဘဝလေးတစ်ခု တည်ဆောက်ဖို့ ပြင်းပြတဲ့ဆန္ဒဖြစ်မိတယ်။ သားတွေသမီးတွေက အေးချမ်းစွာနဲ့ အိမ်မှာ ဆော့ ကစားနေကြမယ်၊ အဖေလုပ်တဲ့လူက ညနေဖက် အလုပ်ဆင်းတဲ့အခါ သားသမီးတွေဆီ ပြန်လာမယ်။ အဲဒီလို ကျွန်တော် စိတ်ကူးယဉ်ထားတာ။

ဒါပေမဲ့ ပေါ်တာအဖြစ်ပါသွားပြီး အခက်ခဲအကြမ်းတမ်းဆုံး အဖြစ်အပျက်တွေနဲ့ ရင်ဆိုင်ရတော့ ကျွန်တော်စိတ်ကူးယဉ်ထားတာတွေကို ကြိုးစားပြီးမေ့ဖျောက်ပစ်ခဲ့တယ်။ ကျွန်တော်လည်း မလေးရှားရောက်လာတယ်။ ဒီရောက်တော့လည်း ချင်းလူမျိုးတွေ အများကြီးတွေ့ရတယ်၊ ကျွန်တော့်ရွာက လူတွေနဲ့ ကျွန်တော့်ဆွေမျိုးတွေတောင် ပါတယ်။ နင် ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာ ငါတို့ကို ပြောပြပါဦးလို့ သူတို့တွေတောင်းဆိုရင် 'ကျွန်တော့် ကိုအရင်ဆုံးအနားယူခွင့်ပေးပါဦး'လို့ သူတို့ကိုပြောရတယ်။ ကျွန်တော် မြင်တွေ့နေရတာတွေက ပုံမှန်တွေပဲဆိုတာ ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်စိတ်တွေ အရင်လိုပုံမှန်ပြန်ဖြစ်ဖို့နဲ့ အရာအားလုံး တကယ်ကို ပုံမှန်အတိုင်းပဲ ရှိနေတယ်ဆိုတာ လက်ခံနိုင်ဖို့အတွက်တော့ အချိန်ယူရဦးမယ်။

ကျွန်တော့်စိတ်တွေ ပုံမှန်ပြန်ဖြစ်နေပြီလို့ တစ်ခါတလေ ထင်မိတယ်။ ကျွန်တော်တို့ချင်းတွေအတွက် ကျွန်တော်ကူညီလုပ်ကိုင်ပေးတယ်။ ကျွန်တော် တတ်နိုင်တာမှန်သမျှ အကုန်လုံးလုပ်ပေးတယ်။

ဒါပေမဲ့ အဲဒီလို ကူညီလုပ်ကိုင်ပေးနေရင်း တစ်ခါတစ်လေ ရဲနဲ့တွေ့ရင် ကြောက်စိတ်ဝင်ရောဗျ။ ကျွန်တော့် ကြောက်စိတ်က ပုံမှန်ကြောက်စိတ် မျိုးမဟုတ်ဘူး။ ရိုးတွင်းချဥ်ဆီထဲကကို စိမ့်ပြီး ကြောက်တဲ့ကြောက်စိတ် မျိုးလေ။ ကျွန်တော့်စိတ်ဓာတ်ကို ပြန်ပြီး တည်ဆောက်ရဦးမယ်။ အရင် လိုပုံမှန်ပြန်ဖြစ်လာဖို့ ကျွန်တော်ကြိုးစားရဦးမယ်၊ အဲဒါမှ ကျွန်တော့် လူမျိုးအတွက် ကျွန်တော် လုပ်နိုင်တာအားလုံး လုပ်ပေးလို့ရမှာ။

တစ်နေ့မှာတော့ တတိယနိုင်ငံမှာ ရွှေ့ပြောင်းအခြေချပြီး ပုံမှန်ဘဝ တစ်ခုမှာ ကျွန်တော် ပြန်နေထိုင်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အ မေရိကန်နိုင်ငံမှာ ကျွန်တော် ရွှေ့ပြောင်းအခြေချ နေထိုင်ချင်ပါတယ်။ ကျွန်တော်DHS အင်တာဗျူးလည်း ပြီးပြီဆိုတော့ ထွက်လာမဲ့ အဖြေကို စောင့်နေပါတယ်။[၁၂]

(၁၂)-ဒုက္ခသည်အခြေချနေထိုင်ရေးဆိုင်ရာဆုံးဖြတ်ချက်သည် အမေ ရိကန်ပြည်ထဲရေးဌာန (DHS) တွင် တာဝန်ရှိသည်။

မြန်မာအစိုးရကိုတော့ အရမ်းစိတ်ပျက်မိပါတယ်။ ဘာကြောင့်လဲ ဆို တော့ သူတို့ကျွန်တော့်ကို စဖမ်းတဲ့နေ့ကတည်းက စပြီး နေ့စဥ်နေ့တိုင်း စိုးရိမ်ကြောက်ရွံ့မှုတွေနဲ့ ကျွန်တော် နေထိုင်နေရပြီးပြီ။ သူတို့ ကျွန် တော့်ကို ပေါ်တာအဖြစ် ရှေ့တန်းကိုပို့တာ သေလမ်းကို ပို့ခဲ့တာ။ ပေါ် တာတွေ သေနေ တာကို သေပစေဆိုပြီး လက်ပိုက်ပြီး ကြည့်နေကြတာ။ ပေါ်တာ လုပ်ခဲ့ရ တုန်းက သူငယ်ချင်းတွေ ကျွန်တော့်ရှေ့မှာပဲ သေနေ ကြတော့ ကျွန်တော်လည်း သူတို့လိုပဲ သေရမယ်ဆိုတာ ကောင်းကောင်း နားလည်ခဲ့တယ်။ အဲဒီအချိန်က ဘယ်လိုမျိုး ဘုရားရှိခိုးဆုတောင်းရ မယ် ဆိုတာတောင် မသိနိုင်အောင် ဖြစ်ခဲ့ရတယ်။ တကယ်လို့သာ ပေါ် တာဘဝကနေ အသက်ရှင်လျက် ကျွန်တော်လွတ်မြောက်ခွင့်ရခဲ့ရင်

ကျွန်တော့်လို ဒုက္ခရောက်ကြရသူတွေကို ကျွန်တော့်အချိန်တွေပေးပြီး ကူညီမယ်လို့ ကျွန်တော်စဉ်းစားခဲ့တယ်။ အဲဒီအတိုင်း ကျွန်တော် ဆုံးဖြတ်ခဲ့တယ်။ ဒါပေမဲ့ အခုတော့ ကျွန်တော် လုပ်နိုင်တာဆိုလို့ ကျွန်တော်ကိုယ်တိုင် မလေးရှားရဲတွေကို အချိန်တိုင်း ထိတ်လန့် ကြောက်ရွံ့စွာနဲ့ နေထိုင် နေရတယ်ဆိုတာပါပဲ။ ရှေ့ဆက်ရမဲ့ ခရီးနဲ့ ပတ်သက်လို့ ဘာဆိုဘာမှ ကျွန်တော် မစဉ်းစားနိုင်သေးဘူး။ အနာဂတ် မှာ ဘာဖြစ်လာမယ်ဆိုတာ ကျွန်တော်တို့ ဘာဆို ဘာမှမသိဘူး။ မနက်ဖြန် ဘာဖြစ်မယ်ဆိုတာတောင် ကျွန်တော်တို့ မသိနိုင်ဘူး မဟုတ် လား။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ကျွန်တော် လုပ်နိုင်သလောက်တော့ လုပ် မှာပါ။ ဘယ်သူပဲဖြစ်ဖြစ် ကျွန်တော့်လိုဒုက္ခနဲ့ ကြုံရတဲ့ လူကို ကျွန်တော် တတ်နိုင်သမျှ ကူညီမယ်။ ဒီမလေးရှားမှာပဲဖြစ်ဖြစ်၊ ကျွန်တော် ရွှေ့ပြောင်းအခြေချနေထိုင်တဲ့ တတိယနိုင်ငံမှာပဲ ဖြစ်ဖြစ်ပေါ့ဗျာ။

ပြီးတော့ အနာဂတ်မှာ ဘယ်လိုအသက်မွေးဝမ်းကျောင်းအလုပ်ကို လုပ်ကိုင်ပြီး ရှင်သန်နေထိုင်ရမယ်ဆိုတာ ကျွန်တော် မသိသေးဘူးဗျ။ ဒီ မလေးရှားမှာတော့ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ ကျွန်တော် လုပ် တယ်ဆိုတော့ နောင်လည်း ဒီအလုပ်ပဲ လုပ်ချင်လုပ်ရမှာပေါ့။ ခုတော့ ကျွန်တော်သင်တန်း တက်နေတယ်။ ပြီးရင် ခရစ်ယာန်ကျမ်းစာဘာသာ ကို ဆက်ပြီးတော့ လေ့လာချင်တယ်။ ကျွန်တော်ကြိုက်တာက တရားဟောရတဲ့အလုပ်။ ကျွန်တော်က သင်းအုပ်ဆရာပါ။ ဒါပေမဲ့ မ လေးရှားမှာ ကျွန်တော်အဲဒီအလုပ် လုပ်လို့မှ မရပဲ။ ဒီမှာက ဆုတောင်းပွဲ လာတက်နိုင်မဲ့ လူမရှိဘူးလေ။ ဆိုတော့ ဆောက်လုပ်ရေး လုပ်ငန်းခွင် လိုဟာမျိုးမှာ ကျွန်တော် အလုပ်လုပ်နေရတော့တာပေါ့ဗျာ။ ခုဆို ကျွန် တော့်ဘဝက လုံးဝကိုပြောင်းလဲသွားခဲ့တာ။

အဖေနဲ့အမေလည်း အသက်ရှင်နေတုန်းပါပဲ။ ကျွန်တော့်အစ်မ

အကြီးဆုံးနဲ့ ညီအငယ်ဆုံးက နိုင်ငံခြားမှာ ရောက်နေကြပြီ။ ကျန်တဲ့ အစ်မတစ်ယောက်က မြန်မာနိုင်ငံမှာပဲ၊ သူ့ယောက်ျားလည်း သင်းအုပ် ဆရာပဲ။ ပြီးရင် ကျွန်တော်ပေ့ါ၊ ဒါက ကျွန်တော်တို့မိသားစုပဲလေ။ အခု ကျွန်တော် သင်းအုပ်ဆရာ မဟုတ်တော့ဘူး၊ ပုံမှန်လူတစ်ယောက်ပါပဲ လို့ လူတိုင်းကို ကျွန်တော် ပြောတယ်။

ကျွန်တော်က သေခဲ့ပြီးတဲ့လူလို ဖြစ်တာကြောင့် ခု ကျွန်တော် ရနေ တဲ့ဘဝက ကျွန်တော့်အတွက် မဟုတ်တော့ဘူးဗျ၊ ဒီမှာ ဒုက္ခရောက်နေ တဲ့ လူတွေအတွက် ကူညီလုပ်ကိုင်ပေးဖို့ပဲ။ ကျွန်တော် အဲဒီလိုပဲ မျှော်လ င့်တယ်။ အဲဒါကြောင့် ချင်းဒုက္ခသည်အဖွဲ့မှာ ကျွန်တော် လုပ်နေတာ။ ကျွန်တော့် မိသားစုအတွက်နဲ့ ကျွန်တော့်လူမျိုး အသိုင်းအဝိုင်းအတွက် ကျွန်တော် အလုပ်လုပ်တယ်။

*

ဒါက ဒီရှုပ်ထွေးပွေလီလှတဲ့ နိုင်ငံတစ်ခုရဲ့အခြေအနေကို ပြတာပဲ

NLD က အစိုးရကို ဘယ်တော့မှ အနိုင်ရမှာ မဟုတ်ဘူး။ မြန်မာ စစ် အစိုးရလည်း ပြောင်းလဲမှာ မဟုတ်ဘူး။ ပြီးတော့ KNU တို့ KIA တို့လို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေကလည်း ဒီအစိုးရကို ဘယ်တော့ မှ အပြုတ်ချနိုင်မှာမဟုတ်ဘူး။ အဲဒီနည်းအတိုင်းတိုက်ရင်း ဘဝကို ဖြုန်းတီး ပစ်နေကြတာ။ အဓိပ္ပာယ်မဲ့သေနေကြတာ။ လူဘယ်နှစ် ယောက် သေပြီးပြီလဲ။ အခုဆို ကျွန်တော်တို့တိုင်းပြည်မှာ တိုင်းရင်းသား လူမျိုး ဘယ်လောက်များများ ဒုက္ခဆင်းရဲခံနေကြရပြီလဲ။ ကရင်၊ ချင်း၊

ကချင်၊ ရှမ်းနဲ့ ရခိုင်လူမျိုးတွေ၊ ပြီးတော့ NLD ပါတီ၊ အားလုံး ဒုက္ခသုက္ခတွေနဲ့ ရင်ဆိုင်နေကြရတယ်။ ဒါ ဘာကြောင့်လဲ။

ကျွန်တော်တို့အတွက် လိုအပ်နေတာက မြန်မာအစိုးရကို နိုင်ငံတကာကနေ အရေးယူပေးဖို့ပဲ။ ဒီအစိုးရကို ကျွန်တော်တို့ ပြောင်းလဲပစ်နိုင်မဲ့ တစ်ခုတည်းသော နည်းလမ်းက နိုင်ငံတကာ အကူအညီ ယူပြီး ပြောင်းလဲ ပြစ်ဖို့ဆိုတာပဲ။ မကြာခင် ၂၀၁၀ ရွေးကောက်ပွဲလာတော့မယ်။ ပြီးတော့ မြန်မာအစိုးရက မြောက်ကိုရီးယားနဲ့ ဆက်ဆံရေးတည်ဆောက်နေတယ်။ သူတို့ ဘာလိုချင်လို့လဲ။ လူတိုင်းလည်း သိတယ်။ ကျွန်တော်လည်း သိတယ်။ သူတို့ နျူကလီးယားလက်နက် လိုချင်လို့ပေါ့ဗျာ။ ဒါပဲလေ၊ ဒါက ဒီရုပ်ထွေး ပွေလီလှတဲ့ နိုင်ငံတစ်ခုရဲ့အခြေအနေက ဘယ်လိုလဲဆိုတာပဲပေါ့။ တကယ်လို့ နိုင်ငံတကာကသာ အရေးယူမှုလုပ်မယ်ဆိုရင် မြန်မာနိုင်ငံက ပြည်သူတွေ အရမ်းဝမ်းသာကြမှာဗျ။ ကျွန်တော့်အမြင်တော့ ပြည်သူတွေအနေနဲ့ ဒီအစိုးရကို ဖြုတ်ချဖို့အတွက် ကိုယ့်ဘာသာလုပ်ဖို့ မဖြစ်နိုင်ဘူးဗျ။

ခုတော့ ကျွန်တော်တို့တစ်ကိုယ်ရည် လွတ်မြောက်ဖို့အတွက် ကိုယ်လွတ်ရုန်းနေကြရတယ်၊ ပိုပြီးလုံခြုံတဲ့နေရာကို ရှာဖွေပြီး ရွှေ့ပြောင်းနေထိုင်ကြရတယ်။ တစ်နေ့မှာ ကျွန်တော်တို့အထဲက တချို့တွေ တခြားနိုင်ငံ တစ်ခုကို ရောက်သွားကြမယ်၊ အဲဒီမှာ စာဆက်သင်ကြမယ်။ ပြီးရင် ကျွန်တော်တို့နိုင်ငံအတွက်၊ ပြီးတော့ ကျွန်တော်တို့ ချင်းလူမျိုးတွေအတွက် သူတို့ တတ်နိုင်သလောက် ပြန်လုပ်ပေးကြလိမ့်မယ်။ ခုလောလောဆယ်တော့ ကျွန်တော်တို့တွေ အခက်အခဲမျိုးစုံ၊ ဒုက္ခမျိုးစုံနဲ့ ရင်ဆိုင်နေကြရတယ်။ ကျွန်တော်က တိုင်းပြည်က ထွက်ပြေးလာခဲ့ရတဲ့ ဒုက္ခသည်ဆိုတော့ ဘာစကားပဲပြောပြော ကျွန်တော်ပြောတဲ့အထဲမှာ မြန်မာအစိုးရ မကောင်းကြောင်းတွေ ပါမှာပါပဲ။ ကျွန်တော့်အထင်တော့

ဒုက္ခသည်တွေမှာ အမြဲတစေ စိတ်ဒဏ်ရာတွေ ရှိနေတတ်ကြတော့ သူတို့ဘဝမှာ အကောင်းဆုံးအရာတွေဆိုတာကို တွေ့ဖို့ ခက်ခဲတယ်။ ဒါပေမဲ့ အချိန်ကြာလာရင်တော့ ဒီထက်ပိုကောင်းမွန်လာမယ်လို့ ထင်ပါတယ်။

ဒီစာအုပ်ရေးတဲ့အတွက် ခင်ဗျားတို့ကို ကျွန်တော် လေးစားပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာအစိုးရက မြန်မာနိုင်ငံထဲမှာ ဘာတွေလုပ်နေတယ်ဆိုတာ လူတွေ ဖတ်ခွင့်ရကြလိမ့်မယ်။ ပြီးတော့ တရုတ်၊ အိန္ဒိယနဲ့ ထိုင်းနိုင်ငံက လူပေါင်းများစွာလည်း ဒီစာအုပ်ကိုဖတ်ကြပြီး သူတို့နဲ့ အိမ်နီးချင်း မြန်မာနိုင်ငံမှာ ဘာတွေဖြစ်ပျက်နေတယ်ဆိုတာ နားလည်နိုင်လာကြလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။

ခင်ဗျားတို့က တကယ်ဖြစ်ပျက်နေတဲ့ အဖြစ်မှန်တွေကို ပြန်လည်ရေးသားပြီး စာအုပ်ထုတ်ဝေခြင်းအားဖြင့် မြန်မာအစိုးရက ပြုပြင်ပြောင်းလဲမှု တချို့ကို လုပ်လာရလိမ့်မယ်လို့လည်း ကျွန်တော် ထင်ပါတယ်။ မြန်မာအစိုးရက တစ်ခါတလေ လူမြင်ကွင်းမှာတော့ ကောင်းတာလေးတွေ လုပ်ပြတာ ရှိပါတယ်။ ဒါပေမဲ့ လူမသိသူမသိနေရာမှာတော့ သူတို့လုပ်ချင်တာ လုပ်ကြတာဆိုတော့ တကယ်လို့ ကျွန်တော်တို့ကသာ နောက်ကွယ်မှာ အမှန်တကယ် ဖြစ်ပျက်နေတဲ့အရာတွေကို လူတွေသိအောင် လုပ်နိုင်ရင် အစိုးရက ကြောက်ရွံ့လာမှာပဲ။ ဒါကြောင့် ဒီစာအုပ်က မြန်မာပြည်က ပြည်သူတွေ ဒုက္ခဆင်းရဲတွင်းက လွတ်အောင် အများကြီး ကူညီနိုင်မှာပါ။ အဲဒီလိုပဲ ကျွန်တော် မျှော်လင့်ပါတယ်။

*

ကျွန်မတို့ သူ့ကို အင်တာဗျူးလုပ်ပြီးကတည်းက အေးမောင်နဲ့ သူ့မိသားစုဟာ အမေရိကန်နိုင်ငံမှာ ရွှေ့ပြောင်းအခြေချ နေထိုင်ခွင့်ရခဲ့ပြီး၊ အခုဆို အေးမောင်ဟာ အမေရိကန် ကျမ်းစာကောလိပ်တစ်ခုမှာ တက်ရောက် သင်ယူလျက်ရှိပါတယ်။

*